AASYC

# ၂၀၂၀ ခုနှစ်၊ ဧပြီလအတွင်း ရခိုင်ပြည်အရေးနှင့် ပတ်သက်သည့် သတင်းသုံးသပ်ချက်

## ၂၀၂၀ ခုနှစ်၊ ဧပြီလအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု စုစုပေါင်း (၅၈) မှု

| စဉ် | အမျိုးအစား | အရေအတွက် |
|---|---|---|
| ၁ | လက်နက်ကြီးထိမှန်၍ ဒဏ်ရာရခြင်း | ၁၄ |
| ၂ | သေနတ်ပစ်ခတ်ခံရ၍ ဒဏ်ရာရခြင်း | ၇ |
| ၃ | မြေမြှုပ်မိုင်းထိမှန်၍ ဒဏ်ရာရခြင်း | ၂ |
| ၄ | လက်နက်ကြီးထိမှန်၍ သေဆုံးခြင်း | ၈ |
| ၅ | သေနတ်ပစ်ခတ်ခံရ၍ သေဆုံးခြင်း | ၁၀ |
| ၆ | မြေမြှုပ်မိုင်းထိမှန်၍ သေဆုံးခြင်း | ၃ |
| ၇ | ညှင်းပမ်းနှိပ်စက်၍ သေဆုံးခြင်း | ၁ |
| ၈ | မတရားဖမ်းဆီး ချုပ်နှောင်ထားခြင်း | ၁၁ |
| ၉ | နေအိမ်မီးလောင်ပျက်စီးခြင်း | ၂ |
| | **စုစုပေါင်း** | **၅၈** |

ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး (AASYC) သုတေသနနှင့် မှတ်တမ်းဌာန မှ ထုတ်ဝေသည်။

- ၄၅ သေဆုံးသူ
- ၈၂ ဒဏ်ရာရရှိသူ
- ၇၄ ဖမ်းဆီးချုပ်နှောင်ခံခဲ့ရသူ
- ၄၀ လူနေအိမ်မီးလောင် ပျက်စီးမှု

- ၂၈ လက်နက်ကြီးထိမှန်မှုကြောင့် သေဆုံးသူ
- ၁၃ သေနတ်ကျည်ဆံထိမှန်မှုကြောင့် သေဆုံးသူ
- ၃ မြေမြှုပ်မိုင်းနင်းမိမှုကြောင့် သေဆုံးသူ
- ၁ စစ်ကြောရေးတွင် ညှင်းပန်းနှိပ်စက်မှုကြောင့် သေဆုံးသူ

- ၅၉ လက်နက်ကြီးထိမှန်မှုကြောင့်ဒဏ်ရာရရှိသူ
- ၁၈ သေနတ်ပစ်ခတ်ခံရမှုကြောင့်ဒဏ်ရာရရှိသူ
- ၅ မြေမြှုပ်မိုင်းနင်းမိမှုကြောင့် ဒဏ်ရရှိသူ

# မာတိကာ


၁။ နိုင်ငံရေး-စစ်ရေးသတင်းတိုများ

၁.၁. ရက္ခိုင့်တပ်တော် (ULA/AA)လှုပ်ရှားမှု

၁.၂. မြန်မာအစိုးရလက်နက်ကိုင်အဖွဲ့များလှုပ်ရှားမှု

၁.၃. နှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှု

၁.၄. နှစ်ဖက်ထုတ်ပြန်ချက်နှင့်စွပ်စွဲပြောဆိုချက်များ

၁.၅. အာခြားပစ်ခတ်တိုက်ခိုက်မှုများ

၁.၆. အထွေထွေနိုင်ငံရေးနှင့်ဆက်စပ်အကြောင်းအရာများ

၂။ လူမှု-စီးပွါးရေးသတင်းတိုများ

၂.၁. လူ့အခွင့်အရေးချိုးဖောက်မှုသတင်းများ

၂.၁.၁. မတရားဖမ်းဆီးချုပ်နှောင်ခြင်း

၂.၁.၂. ညှင်းပန်းနှိပ်စက်ခြင်း၊လူမဆန်စွာပြုမူခြင်းနှင့်အခြားထိခိုက်ဒဏ်ရာရရှိမှုများ

၂.၁.၄. သတ်ဖြတ်ခြင်း

၂.၁.၅. လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုကိုကန့်သတ်ခြင်း၊ပိတ်ပင်တားဆီးခြင်း

၂.၁.၆. လွတ်လပ်စွာသွားလာခြင်းကိုပိတ်ပင်ခြင်း

၂.၁.၇. လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု

၂.၂. စစ်ဘေးရှောင်သတင်းများ

၂.၂.၁. စစ်ဘေးရှောင်ဦးရေအတိုးအလျှော့
(စစ်ဘေးရှောင်ဦးရေနှင့်စခန်းအတိုးအလျှော့)

၂.၂.၂. စစ်ဘေးရှောင်များ၏စား၊ဝတ်၊နေရေး

၂.၂.၃. စစ်ဘေးရှောင်များ၏ ကျန်းမာရေး

၂.၃. လူမှု-စီးပွါးရေးအထွေထွေ

၂.၃.၁. အထွေထွေစားဝတ်နေရေး

၂.၃.၂. ပို့ဆောင်ဆက်သွယ်ရေး

၂.၃.၃. စီးပွါးရေး

၂.၃.၄. အထွေထွေကျန်းမာရေး

၃။ သုံးသပ်ချက်

၄။ Infographics

# ၁. နိုင်ငံရေး-စစ်ရေးသတင်းတိုများ

## ၁.၁. ရက္ခိုင့်တပ်တော် (ULA/AA) လှုပ်ရှားမှု

(၁) (၀၃.၀၄.၂၀) ရက်နေ့၊ ညနေ(၇) နာရီခန့်တွင် ရခိုင်ပြည်တောင်ပိုင်း၊ ဂွမြို့နယ် အခြေစိုက် တပ်မတော် တပ်ရင်းအား ULA/AA က လာရောက်ပစ်ခတ် သောကြောင့် (၁၀) မိနစ်ကြာ အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွါးခဲ့ကြောင်း၊ ရခိုင်ပြည်တောင်ပိုင်းတွင် ယခင်ကတိုက်ပွဲ ဖြစ်ပွါးမှု မရှိဘဲ ယခုဖြစ်စဉ်မှာလည်း ချောင်းမြောင်း ပစ်ခတ်သည့် သဘောသာဖြစ်ကြောင်း၊ ULA/AA သည် ရခိုင်မြောက်ပိုင်းတွင် စစ်ရေးအရ အရေးနိမ့်လာသည့်အတွက် ယခုကဲ့သို့ ချောင်းမြောင်း ပစ်ခတ်၊ မိုင်းထောင်၊ မိုင်းခွဲတိုက်ခိုက်ခြင်း စသည့်အဖျက်အမှောက် လုပ်ငန်းများ ပိုမိုလုပ်နိုင လာကြောင်း တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ ဗိုလ်မှူးချုပ်ဇော်မင်းထွန်းမှ ပြောကြား သည်။ [The Ladies News]

(၂) ကျောက်တော်မြို့နယ်၊ သရက်အုပ်ကျေးရွာအတွင်း ဒေသခံရွာသူ၊ ရွာသား အသွင်ဖြင့် နေထိုင်ပြီး ဆက်ကြေးကောက်ခံခြင်း၊ လူသစ်စုဆောင်းခြင်းများ ပြုလုပ်နေသည့် ဦးအောင်စံလှ၊ အသက် (၅၆) နှစ်၊ (ဘ) ဦးသာလှအောင်အပါအဝင် ULA/AA အဖွဲ့ဝင် (၃) ဦး အား စုပုံ ထားသည့်ရိက္ခာများ၊ ဆေးဝါးများ၊ NGO အဖွဲ့အစည်းများမှ စစ်ဘေးရှောင်စခန်းသို့ ထောက်ပံ့သည့်ရိက္ခာပစ္စည်းများ၊ မိုင်းထောင် ဖောက်ခွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရ မိခဲ့ကြောင်း (၀၃.၀၄.၂၀) ရက်နေ့တွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ ထုတ်ပြန်သည်။ [Cincds] [DMG]

(၃) (၀၄.၀၄.၂၀) ရက်နေ့၊ ညတွင်ကျောက်တော်မှ သရက်တပင်ကျေးရွာဘက်သို့ မောင်းလာသော ယာဉ်အမှတ်၊ 9N–6875 အားနယ်မြေခံတပ်ဌာနချုပ် စစ်ဆေးရေးဂိတ်မှ စစ်ဆေးရာ ညောင်ချောင်းကျေးရွာ တိုက်ပွဲရှောင်စခန်းသို့ ပို့ဆောင်ရန်ဆန် (၁၅၀) အိတ်နှင့်အတူ ယာဉ်မောင်း အောင်ဖြိုးသက်၊ အသက် (၂၀)နှစ်၊ (ဘ) ဦးအောင်သိန်းကျော်၊ ညောင်ချောင်း ကျေးရွာအုပ်စု စာရေးဦးအုန်းနိုင်၊ အသက် (၅၅) နှစ်၊ (ဘ) ဦးမြကျော်နှင့်လူငယ် (၁၄) ဦးတို့ အား တွေ့ရှိခဲ့သည်။

စစ်ဆေးချက် အရဦးအုန်းနိုင်သည် ကယ်ဆယ်ရေးစခန်းမှ ကျေးရွာသားများ အတွက် လိုအပ်သော ဆန်များ အား အုပ်ချုပ်ရေးမှူးဟောင်း ဖြစ်သူ ဦးသန်းအေးမှ တောင်းခိုင် သည့် အတွက်ကျောက်တော်မြို့၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ လစဉ်တောင်းခံလျှက် ရှိပြီးရရှိ သောဆန်များအား ကျေးရွာသားများနှင့် ULA/AA အဖွဲ့ဝင်များအား ပို့ပေးရကြောင်း၊ ULA/AA အဖွဲ့ခေါင်းဆောင် (စိစစ်ဆဲ) (၅) ဦးသည်(၁) ပတ်လျင် (၂) ကြိမ်ခန့် ဦးသန်းအေးနှင့်အတူ တိုက်ပွဲရှောင်စခန်းသို့ လာရောက်၍ စည်းရုံးရေးများပြုလုပ်လျက်ရှိပြီး လူငယ် (၁၄) ဦးထဲမှ ကျော်ကျော်နိုင်သည် ULA/AA အဖွဲ့အတွက် ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံများတွင် ငွေကြေး ကောက်ခံပေးသူဖြစ်ကာ ယခုပြန်လာချိန်တွင် ညောင်ချောင်း တိုက်ပွဲ ရှောင်စခန်း၌ နေထိုင်သူ ဖြစ်ကြောင်း၊ မောင်မဲတင်၊ မောင်လှဝင်း၊ ဖြူသီး၊ မျိုးကျော်၊ ဦးကျော်လှိုင်၊ စောမင်းဌေး၊ မင်းစိုးမြင့်တို့သည် (၂၀၁၉) ခုနှစ်နှင့် (၂၀၂၀) ခုနှစ်တို့တွင် ULA/AA အဖွဲ့၏ အခြေခံ တပ်သားသစ် သင်တန်းအား တောတွင်းစခန်း (၁) ခုတွင် တက်ရောက်နေထိုင်ပြီး လိုအပ်သော ရိက္ခာအတွက် လာယူခြင်း ဖြစ်ကြောင်း၊ အောင်မြိုးသက် (ယာဉ်မောင်း)၊ လင်းလင်းချေ၊ ထွန်းထွန်းနိုင်၊ သန်းဟင်းလှိုင်၊ အောင်ကျော်ဆန်း၊ ကျော်မိုးလှိုင်တို့အား ဦးအုန်းနိုင်မှ ကျောက်တော်မြို့သို့ ဆန်အိတ်များ သယ်ဆောင်ရန် ခြိမ်းခြောက်ပြောဆို၍ ခေါ်လာခြင်းဖြစ်ပြီး ယခင်ကထိုသို့ခေါ်ဆောင်၍ မလိုက်သူများကို ကြိုးဖြင့်တုပ်ပြီး ချုပ်နှောင် ထားသည်ကို မြင်တွေ့ဖူးသဖြင့် လိုက်ပါလာရခြင်း ဖြစ်ကြောင်း (၁၈.၀၄.၂၀) ရက်နေ့တွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ထုတ်ပြန်သည်။ [Cincds]

(၄) (၁၅.၀၄.၂၀) ရက်နေ့တွင် မောင်တောမြို့နယ်၊အောင်မင်္ဂလာကျေးရွာမှ ရခိုင် အမျိုးသားတဦးသည် စစ်တွေမြို့သို့ Probox ယာဉ်ဖြင့်အငှမော်-မောင်တောကား လမ်းအတိုင်းပြန်လာစဉ် မောင်တောမြို့နယ်၊ ကျီးကန်းပြင် (တောင်) ကျေးရွာ တံတား အရောက်ည (၈) နာရီအချိန်၌ ကားလမ်းပေါ်မှမိုင်း (၁) လုံးပေါက်ကွဲခဲ့ပြီး လမ်း၏ ဝဲဘက်ရှိ မြောင်းအတွင်းသို့ ထိုးကျ တိမ်းမှောက်ခဲ့ကြောင်း၊ ၎င်းမှာ ယာဉ်ပေါ်မှ ခုန်ဆင်း၍ ကျေးရွာဘက်သို့ ထွက်ပြေးချိန်တွင် ရခိုင်စကားပြောသည့် ULA/AA အဖွဲ့ဝင် (၄) ဦးခန့်က မော်တော်ယာဉ်အား လက်နက်ငယ် ဖြင့်အချက် (၃၀) ခန့်ပစ်ခတ်ခဲ့ကြောင်း၊ အနီးဆုံး နယ်ခြားစောင့် ရဲတပ်ဖွဲ့စခန်းသို့ လာရောက် အကြောင်းကြား၍ ပူးပေါင်းအဖွဲ့ဖြင့် သွားရောက်စစ်ဆေးရာ မိုင်း/လက်နက်ငယ် ကျည်ထိမှန် ထားသော Probox အမျိုးအစား မော်တော်ယာဉ်တစီး၊ ကားလမ်းပေါ်၌အကျယ် (၈) ပေ၊ အနက် (၄) ပေခန့်ရှိ မြေကျင်းတကျင်း၊ ၎င်း ကျင်းအနီးမှ (၁၀) ပေခန့်ရှိ ဝါယာကြိုး (၁) ချောင်း၊ ကျည်ခွံ (၁) ခွံအား တွေ့ရှိခဲ့ကြောင်း (၁၇.၀၄.၂၀) ရက်နေ့တွင် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ ထုတ်ပြန်သည်။ [The Ladies news]

(၅) (၁၅.၀၄.၂၀) ရက်နေ့၊ ညတွင် ကျောက်တော်မြို့အနီးရှိ နယ်မြေခံတပ်ဌာနချုပ်၏ အနောက် မြောက်ဘက်မီတာ (၁၅၀) ခန့်အကွာသို့ ULA/AA အဖွဲ့ဝင် (၄) ဦးမှ ချဉ်းကပ်လာသဖြင့် လုံခြုံရေးကင်းအဖွဲ့မှ ပစ်ခတ်၍ (၂) ဦးသေဆုံးကြောင်း (၁၇.၀၄.၂၀) ရက်နေ့တွင်အစိုးရ တပ်မတော်မှ ထုတ်ပြန်သည်။ [Cincds]

(၆) (၁၅.၀၄.၂၀) ရက်နေ့၊ နံနက်တွင်ဒေသခံ ပြည်သူများ၏ သတင်းပေးပို့ချက်ကြောင့် အမ်း မြို့နယ်၊ အမ်းမြောက်ကျေးရွာအုပ်စု၊ ကမ်းဒိတ်ကျေးရွာနှင့် အမ်းမြို့အကြား တွင် လုံခြုံရေး တပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးပြုလုပ်ခဲ့ပြီး ULA/AA အဖွဲ့ဝင် (၄) ဦး အား လက်နက်မဲ့ ဖော်ထုတ်ဖမ်းဆီးရခဲ့ကြောင်း (၁၅.၀၄.၂၀) ရက်နေ့အစိုးရတပ်မှ ထုတ်ပြန် သည်။ [Cincds]

(၇) တောင်ကုတ်မြို့နယ်၊ ဆားပြင်ကျေးရွာအတွင်းမှ ULA/AA နှင့်ပတ်သက်သူ ဦးသန်းနိုင်၊ အသက် (၄၆) နှစ် (ဘ) ဦးသန်းဝေ၊ ဦးလှဖြူ၊ အသက်(၄၃) နှစ်၊ (ဘ) ဦးဖြူစိန်အောင်၊ ဦးအောင်ထူး၊ အသက် (၃၅) နှစ်၊ (ဘ) ဦးကာရှိ၊ ဦးမြင့်အောင်၊ အသက်(၄၃) နှစ်၊ (ဘ) ဦးစိန်တင်၊ ဦးပြုံးချို၊ အသက် (၅၃) နှစ်၊ (ဘ) ဦးသန်းဝေတို့ (၅) ဦးအား ဖမ်းဆီးကာ သက်ဆိုင်ရာ နယ်မြေရဲစခန်းသို့ လွှဲပြောင်း၍ အသေးစိတ် စစ်ဆေးမေးမြန်းမှုများအား ဆက်လက် ဆောင်ရွက်နေကြောင်း (၁၅.၀၄.၂၀) ရက်နေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး မှထုတ်ပြန်သည်။ [Cincds] [Irrawaddy] [DMG]

(၈) (၁၄.၀၄.၂၀) ရက်နေ့၊ညနေ(၇) နာရီ(၅၅) မိနစ်တွင် စစ်တွေမှပုဏ္ဏားကျွန်းသို့ ထွက်ခွာလာသည့် ရေယာဉ် (၂) စီးရှိပစ္စည်းများသယ်ဆောင်ရန် စောင့်ဆိုင်းနေ သည့် တပ်မတော် မော်တော်ယာဉ်နှင့် ရေယာဉ်များအား ULA/AA မှ မိုင်းခွဲပြီး လက်နက်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ [Cincds]

(၉) (၁၆.၀၄.၂၀) ရက်နေ့၊ညနေ (၄) နာရီကျော်တွင်ကျောက်တော်မြို့ ကစ္ဆပနဒီ တံတားအနီး လုံခြုံရေးဆောင်ရွက်နေသည့် အစိုးရတပ်အား ULA/AA အဖွဲ့မှမိုင်း ခွဲပြီး အဝေးပြေးကားဝင်းမှ ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ [Irrawaddy] [ELEVEN ][Cincds]

(၁၀) (၂၁.၀၄.၂၀) ရက်နေ့၊နံနက် (၈) နာရီတွင်မင်းပြားမြို့နယ်အတွင်း လုံခြုံရေး တပ်ဖွဲ့ဝင်များမှ ရှာဖွေစစ်ဆေးနေချိန် မေလွမ်းကျေးရွာသို့ ဆိုင်ကယ်ဖြင့်လာသည့် ဦးကျော်လှဦး၏သား မောင်ကျော်ကျော်ဝင်းအသက် (၂၈) အားစစ်ဆေးရန် တားမြစ်စဉ်ထွက်ပြေးသောကြောင့် ပစ်ခတ်ဖမ်းဆီးခဲ့ရာ သေဆုံးသွားသည်။
သေဆုံးနေသူအနီးသို့ သွားရောက်စစ်ဆေးခဲ့ရာ အနီးရှိဆိုင်ကယ် တူးဘောက်စ် အတွင်းမှ တရုတ်လက်ပစ်ဗုံး (၁) လုံး၊ဓား (၁) လက်တို့အားတွေ့ရှိ သိမ်းဆည်း

ရမိခဲ့ပြီး ULA/AA နှင့် ဆက်စပ်သူဖြစ်ကြောင်း (၂၁.၀၄.၂၀) ရက်နေ့တွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်သည်။ [Cincds ]

(၁၁) (၂၂.၀၄.၂၀) ရက်နေ့၊ ညနေ(၈) နာရီ (၁၀) မိနစ်တွင် မင်းပြားမြို့ဘက်မှ ရာမောင်တံတား ဘက်သို့ ဆိုင်ကယ်ဖြင့်လာသည့် အမျိုးသား (၂) ဦးအားလုံခြုံရေး တပ်ဖွဲ့ဝင်များမှ စစ်ဆေးရန် တားမြစ်စဉ် ဆိုင်ကယ်မောင်းပြေးသောကြောင့် ပစ်ခတ်ပြီး သွားရောက် စစ်ဆေးရာသေဆုံးနေသူ (၂) ဦးဘေးမှ အဖြူရောင်ပလပ်စတစ်အိတ်ထဲတွင် မိုင်းထောင်ဖောက်ခွဲရန် အသုံးပြု သည့်ဖြူးစ် (၃) ချောင်း၊ ဝါးညှပ်နင်းခလုတ် (၁) ခုတို့ သိမ်းဆည်းရမိကြောင်း (၂၂.၀၄.၂၀) ရက်နေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်သည်။ [Cincds]

(၁၂) (၂၆.၀၄.၂၀) ရက်နေ့ နံနက်တွင် မြောက်ဦးမြို့မှ ပြန်လာသည့် ရဲတပ်သား (၁) ဦး အား ရတနာ့မာန်အောင် ဘုရားလမ်းရှိ သီဟိုဠ်ခြံအနီး၌ ULA/AA အဖွဲ့မှ ဖမ်းဆီးခဲ့သည်။ [DMG][Irrawaddy]

(၁၃) (၂၇.၀၄.၂၀) ရက်နေ့၊ ညနေ (၄) နာရီကျော်တွင် မြောက်ဦးမြို့ထဲမှ ခမရ-၅၄၀ တပ်ရင်း ဘက်သို့လာသည့် တပ်မတော်စစ်ကြောင်းသည် အလယ်ဈေးတံတားနှင့် Prince ဟိုတယ် အနီး၌ မိုင်းခွဲတိုက်ခိုက်ခံရသောကြောင့် တပ်မတော်ဖက်မှ (၁) နာရီနီးပါးပစ်ခတ်ခဲ့ကြောင်း အမည်မဖော်လိုသည့်ဒေသခံ (၁) ဦးမှပြောသည်။ [RFA]

(၁၄) (၂၇.၀၄.၂၀) ရက်နေ့၊ ညနေတွင် မြောက်ဦးမြို့၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးအနီးရှိ စစ်ဆေးရေး ဂိတ်ပေါက်း အဆောင်များအား ULA/ AA အဖွဲ့မှ ခြင်ဆေးဘူးများနှင့် ၆၀ မမ ပုံးသီး (၁) လုံး တို့အားအသုံးပြု၍ မီးရှို့ဖောက်ခွဲဖျက်ဆီးခဲ့သည်။ [Cincds]

## ၁.၂. မြန်မာအစိုးရ လက်နက်ကိုင် အဖွဲ့များ လှုပ်ရှားမှု

(၁) ULA/AA နှင့် ပတ်သက်ဆက်နွယ်သူများဖြစ်သော ပလက်ဝမြို့နယ်၊ ထရွန်အိုင် ကျေးရွာနေ ဦးအောင်သိန်းမင်း၊ အသက် (၃၉) နှစ်၊ (ဘ) ဦးသာဖြူအောင်နှင့် ရခိုင်ပြည်၊ ကျောက်တန်း ကျေးရွာနေမမိုးစန္ဒာ (ခ) ဗိုလ်မချေ၊ အသက် (၂၁) နှစ် (ဘ) ဦးမောင်လတ်တို့အား တရား ဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ နယ်မြေရဲစခန်းသို့ လွှဲပြောင်း အပ်နံ ခဲ့ကြောင်း (၀၄.၀၄.၂၀) ရက်နေ့ တွင် အစိုးရ တပ်မတော်မှထုတ်ပြန်သည်။
ဦးအောင်သိန်းမင်းမှာ (၂၀.၀၃.၂၀) ရက်နေ့နေ့လည်တွင် ထင်းခုတ်ပြီး ရွာသို့ပြန်လာစဉ် တပ်မတော်စစ်ကြောင်း (၁) ခုကဝင်ရောက် ဖမ်းဆီးသွားခဲ့ကြောင်း ဇနီးဖြစ်

သူ ဒေါ်ယုယုက ပြောသည်။ မမိုးစန္ဒာမှာနေ့ရာ သီကျောင်းပိတ်ချိန် ထရွန်အိုင်ကျေးရွာသို့ အလည်အပတ် ရောက်ရှိနေစဉ် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း ဒေသခံများက ပြောသည်။ [Cincds] [DMG]

(၂) (၀၄.၀၄.၂၀) ရက်နေ့တွင် ကျောက်တော်မြို့နယ်၊ ညောင်ချောင်းကျေးရွာအုပ်စုစာရေး (၁) ဦး အပါအဝင် အမျိုးသား (၁၅) ဦးအား ULA/AA နှင့် ဆက်စပ်ကာ တပ်မတော်က ဖမ်းဆီးခဲ့ပြီး ရဲစခန်းသို့ အပ်နှံလိုက်ကြောင်း (၀၈.၀၄.၂၀) ရက်နေ့တွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ထားသည်။ [DMG][RFA][Cincds ]

(၃) ပလက်ဝမြို့နယ်တွင် ULA/ AA သိမ်းယူထားသည့် ဆက်သွယ်ရေး တာဝါတိုင်တောင်ကုန်း အားတပ်မတော်မှ သိမ်းပိုက်နိုင်ခြင်းကြောင့် ပလက်ဝနှင့်ဆမီး ဆက်သွယ်ထားသော ကားလမ်း အားပြန်လည်ထိန်းချုပ် နိုင်ပြီဖြစ်ကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့ ဗိုလ်မှူးချုပ်ဇော်မင်းထွန်းမှ ပြောသည်။ [The Ladies News]

(၄) (၂၅.၀၄.၂၀) ရက်နေ့တွင် နေပြည်တော်၊ တပ်မတော်စစ်သမိုင်း ပြတိုက်ရှိ သတင်းစာ ရှင်းလင်းပွဲ၌ ရာမောင်တံတားအနီး WHO ကားပစ်ခတ်ခံရသည့် တောင်ကြောပေါ်သို့ တပ်မတော်မှ ရှင်းလင်းရာတွင် ရန်သူ့အလောင်းအချို့ ရရှိပြီးပစ်ကျင်း (၁၆၃) ကျင်းတွေ့ရှိရ ကြောင်း၊ တပ်မတော်မှ စစ်သည်အချို့ ဒဏ်ရာရရှိခဲ့ကြောင်း ဗိုလ်မှူးချုပ်ဇော်မင်းထွန်းမှ ပြောသည်။ [Eleven Media Group]

## ၁.၃. နစ်ဖက်ပစ်ခတ်တိုက်ခိုက်မှု

(၁) (၀၁.၀၄.၂၀) ရက်နေ့တွင်ညနေ (၅) နာရီခွဲမှ (၆) နာရီချိန်ထိ ကျောက်တော်မြို့အနီး၌ အစိုးရတပ်မတော်နှင့် ULA/AA တို့ တိုက်ပွဲဖြစ်ပွါးခဲ့သည်။ သရက်အုပ်ကျေးရွာဘက်မှ ထွက်လာသည့် တပ်မတော်စစ်ကြောင်းအား မြို့နှင့် (၂) မိုင်ခန့်အကွာတွင် ULA/AA အဖွဲ့မှ ကြားဖြတ်တိုက်ခိုက်ခြင်း ဖြစ်ကြောင်း လုံခြုံရေး အရ အမည်မဖော်လိုသည့် ဒေသခံ (၁) ဦးမှပြောကြားခဲ့သည်။ လက်နက်ကိုင်နစ်ဖွဲ့ တိုက်ခိုက်မှုများတွင် အရပ်သားများ ပိုအထိနာသောကြောင့် မြို့ရွာများနဲ့ အလှမ်းဝေးသည့် နေရာများတွင် တိုက်ပွဲတွေဖြစ်ကြရန် တပ်မတော်နှင့် ULA/AA အဖွဲ့သို့ တောင်းဆို ချင်ကြောင်းကျောက်တော် မြို့ခံအချို့က ပြောသည်။ [RFA] [DMG][The Ladies News]

(၂) (၀၁.၀၄.၂၀) ရက်နေ့၊ ညနေ (၅) နာရီခွဲမှ (၆) နာရီချိန်ထိ ကျောက်တော်မြို့ အနီး၌အစိုးရတပ်မတော်နှင့် ULA/AA တို့တိုက်ပွဲဖြစ်ပွားခဲ့သည်။ [RFA]

(၃) (၀၁.၀၄.၂၀) ရက်နေ့ ညနေ (၀၅:၁၅) နာရီတွင် ကျောက်တော်မြို့၏ အရှေ့ဘက် ကမ်း၌ လုံခြုံရေးယူနေသည့် ရေတပ်သင်္ဘော (၁) စီးအား ကျောက်တော်မြို့ ဘက်မှ လက်နက်ငယ်၊ လက်နက်ကြီးများဖြင့် ပစ်ခတ်သည့်အတွက် ရေတပ်မှ လက်နက်ငယ် ဖြင့်ပြန်လည်တုန့်ပြန်ပစ်ခတ်ခဲ့ပြီး သေဆုံးဒဏ်ရာရမှုများ မရှိသေး ကြောင်း ဗိုလ်မှူးချုပ် ဇော်မင်းထွန်းကပြောကြားသည်။ [The Ladies News]

(၄) (၀၃.၀၄.၂၀) ရက်နေ့တွင် ပုဏ္ဏားကျွန်းမြို့နယ်၊ လက်ဝဲစာတိုက်ရွာအနီး အစိုးရ စစ်ကြောင်း မိုင်းခွဲတိုက်ခိုက်ခံရပြီး နှစ်ဖက်ပစ်ခတ်မှု ဖြစ်ပွားခဲ့သည်။ [VOA]

(၅) (၀၅.၀၂.၂၀) ရက်နေ့မှစပြီး ပလက်ဝမြို့နယ် မီးဝဗျူဟာကုန်း ပတ်ဝန်းကျင်တွင် အစိုးရတပ်နှင့် ULA/AA တို့တိုက်ပွဲများဖြစ်ပွားနေသည်။ [DMG]

(၆) (၀၇.၀၄.၂၀) ရက်နေ့နံနက် (၀၇:၄၀) နာရီ (၀၈:၁၅) နာရီအထိ ပလက်ဝမြို့ တောင်ဘက် (၁) ကီလိုမီတာ အကွာရှိ တောင်ကုန်း၌ (၃၅) မိနစ်ကြာ (၁) ကြိမ်၊ ပလက်ဝမြို့နယ်၊ လောင်းကဒူးရွာ၏အရှေ့တောင်ဘက် (၁) ကီလိုမီတာ အကွာ ကုလားတန်မြစ် အရှေ့ဘက်ကမ်းရှိ ပလက်ဝတံတားအား စောင့်နေသောတပ်ရင်း နှင့် တိုက်ပွဲဖြစ်ပွားခဲ့ပြီး တပ်မတော်ဘက်မှဂျက်ဖိုက်တာ (၁) စီးဖြင့်ရှော့ကက်များ၊ စက်သေနတ်များဖြင့် (၃) ကြိမ်ခန့် လာရောက်ပစ်ခတ်ခဲ့ကြောင်း ULA/AA ပြန်ကြားရေး တာဝန်ခံခိုင်သုခမှပြောသည်။ [VOA][Chin World]

(၇) (၀၇.၀၄.၂၀) ရက်နေ့ နံနက်တွင်ပလက်ဝမြို့နှင့် (၃) မိုင်ကျော်ကွာဝေးသည့် ရိက္ခာရပ်ကွက်၊ ထင်းသေချောင်းရေတံခွန် တောင်ကုန်း၌ အစိုးရတပ်နှင့် ULA/AA တို့ တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း၊ လက်နက်ကြီးသံများလည်းကြားရပြီး တိုက်ပွဲဖြစ်ပွား ချိန်တွင် တပ်မတော်ဘက်မှ လေယာဉ်ဖြင့်လာပစ်ပြီး ပြန်သွားကြောင်း ပလက်ဝ မြို့ခံတဦးကပြောသည်။ [VOA]

(၈) (၁၁.၀၄.၂၀) ရက်နေ့တွင်ပုဏ္ဏားကျွန်းမြို့နယ်၊ ပေါက်တောပြင်ရွာအရှေ့ဘက်၊ အရှေ့ တောင်ဘက်နှင့် အရှေ့မြောက်ဘက်စသည့် (၃) နေရာတွင်အစိုးရ တပ်မတော်နှင့် ULA/AA တို့တိုက်ပွဲဖြစ်ပွားခဲ့သည်။ [The Ladies News]

(၉) (၁၂.၀၄.၂၀) ရက်နေ့တွင် ပုဏ္ဏားကျွန်းမြို့နယ်၊ ပေါက်တောပြင်ရွာအနီး အစိုးရ တပ်မတော်နှင့် ULA/AA တို့တိုက်ပွဲဖြစ်ပွားခဲ့သည်။ [The Ladies News]

(၁၀) (၁၄.၀၄.၂၀)ရက်နေ့ညနေ (၈) နာရီတွင်ပုဏ္ဏားကျွန်းမြို့နယ်၊ ဂူဝကျေးရွာအနီး အစိုးရ တပ်မတော်နှင့် ULA/AA တို့တိုက်ပွဲဖြစ်ပွားခဲ့သည်။ [VOA]

(၁၁) (၁၄.၀၄.၂၀) ရက်နေ့ညနေ(၇) နာရီ(၅၅) မိနစ်တွင်စစ်တွေမှပုဏ္ဏားကျွန်းသို့ ထွက်ခွာ လာသည့်ရေယာဉ် (၂) စီးရှိပစ္စည်းများသယ်ဆောင်ရန် စောင့်ဆိုင်း နေသည့် မော်တော် ယာဉ်နှင့် ရေယာဉ်များအား ULA/AA မှ မိုင်းခွဲ တိုက်ခိုက်ခဲ့သောကြောင့် နစ်ဖက် ပစ်ခတ်မှုများ ဖြစ်ပွါးခဲ့သည်။ [Cincds]

(၁၂) (၁၅.၀၄.၂၀) ရက်နေ့တွင်ပလက်ဝမြို့နယ်၊ နမဒါကျေးရွာအရှေ့ဖက် (၁) ကီလိုမီတာ အကွာရှိ တောင်တန်း၌အစိုးရတပ်မတော်နှင့် ULA/AA တို့ (၁) နာရီခွဲကြာ တိုက်ပွဲ ဖြစ်ပွါးခဲ့ကြောင်း ခိုင်သုခမှပြောသည်။ [VOA]

(၁၃) (၁၆.၀၄.၂၀) ရက်နေ့ညနေ (၄) နာရီကျော်တွင် ကျောက်တော်မြို့ ကစ္ဆပနဒီတံတား အနီး အစိုးရတပ်မတော်နှင့် ULA/AA တို့ပစ်ခတ်မှုဖြစ်ပွါးခဲ့သည်။ ကျောက်တော်မြို့ဘက်မှ လာသည့်တပ်မတော်ကား(၁)စီးအား မိုင်းခွဲတိုက်ခိုက်ခဲ့ကြောင်း ဒေသခံများမှပြောကြားသည်။ [Irrawaddy] [ELEVEN ][Cincds]

(၁၄) (၂၀.၀၄.၂၀) ရက်နေ့နံနက်(၉) နာရီတွင်မင်းပြားမြို့နယ်၊ ရာမောင်တံတား ထိပ်အနီးရှိ လေ့ဆိပ်၌အစိုးရတပ်မတော်နှင့် ULA/AA တို့တိုက်ပွဲဖြစ်ပွါးခဲ့သည်။ [RFA]

(၁၅) (၂၁.၀၄.၂၀) ရက်နေ့တွင်မင်းပြားမြို့၊ ရာမောင်တံတားအနီး အစိုးရတပ်မတော်နှင့် ULA/AA တို့တိုက်ပွဲဖြစ်ပွါးနေကြောင်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလှသိန်းအောင် မှပြောသည်။ [BBC]

(၁၆) (၂၂.၀၄.၂၀) ရက်နေ့ နံနက်တွင် မင်းပြားမြို့နယ်၌ အစိုးရတပ်မတော်နှင့် ULA/AA တို့တိုက်ပွဲဖြစ်ပွါးနေပြီး တပ်မတော်ဘက်မှ ဂျက်တိုက်လေယာဉ်များဖြင့် ပစ်ခတ်နေကြောင်းကို သက်ထွီးအောင်မှပြောသည်။ [BBC]

(၁၇) (၂၂.၀၄.၂၀) ရက်နေ့ နံနက်တွင် ပလက်ဝမြို့နယ်၊ မီးလက်ဝကျေးရွာနှင့် ရှင်ဝကျေးရွာ အနီး၌အစိုးရတပ်မတော်နှင့် ULA/AA တို့တိုက်ပွဲဖြစ်ပွါးခဲ့ကြောင်း ဒေသခံများမှပြောသည်။ [DMG]

(၁၈) (၂၆.၀၄.၂၀) ရက်နေ့နံနက် (၁၀) နာရီတွင်ဘူးသီးတောင်မြို့နယ်၊ ကံကော်မြိုင်ကျေးရွာ အနောက်ဘက် (၁) မိုင်ကျော်၌အစိုးရတပ်မတော်နှင့် ULA/AA တို့တိုက်ပွဲဖြစ်ပွါးနေကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိန်ကျော်ဝင်းမှ ပြောသည်။ [DMG] [Irrawaddy]

(၂၉) (၂၉.၀၄.၂၀) ရက်နေ့ နေလည်တွင် ပုဏ္ဏားကျွန်းမြို့နယ်၊ နတ်တော်ရွာ၏ အနောက်တောင်ဘက်၌ အစိုးရတပ်မတော်နှင့် ULA/AA တို့တိုက်ပွဲဖြစ်ပွါးခဲ့သည်။ [DMG]

(၃၀) (၂၉.၀၄.၂၀) ရက်နေ့နံနက်(၁၀) နာရီအချိန်မှစ၍ မင်းပြားမြို့နယ်စိတ္တရ၊ ကျောက်မော်ကျေးရွာဘက်ရှိ တောင်တန်းများ၌အစိုးရတပ်မတော်နှင့် ULA/AA တို့ တိုက်ပွဲပြင်းထန်နေပြီး ညနေတွင် တပ်မတော်ဖက်မှ ရဟတ်ယာဉ်များဖြင့် ပုံးကြဲ တိုက်ခိုက်နေကြောင်းဒေသခံများမှပြောသည်။ [RFA]

## ၁.၄. နှစ်ဖက်ထုတ်ပြန်ချက်နှင့် စွပ်စွဲပြောဆိုချက်များ

(၁) (၀၄.၀၄.၂၀) ရက်နေ့ညတွင် ကျောက်တော်မှ သရက်တပင်ကျေးရွာ ဘက်သို့ မောင်းလာသော ယာဉ်အမှတ်၊ 9N–6875 ၌ညောင်ချောင်းကျေးရွာ တိုက်ပွဲရှောင် စခန်းနှင့် ULA/AA အဖွဲ့ဝင်များအားပို့ဆောင်ရန်ဆန် (၁၅၀) အိတ်နှင့်အတူ ULA/AA အဖွဲ့ဝင် (၈) ဦး၊ မြိမ်းခြောက်စေခိုင်းခံရသူ (၇) ဦးတို့အား ဖမ်းဆီး ထိန်းသိမ်းခဲ့ကြောင်း (၀၈.၀၄.၂၀) ရက်နေ့တွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ရုံးမှ ထုတ်ပြန်သည်။ [Cincds] [DMG][RFA]

(၂) (၀၅.၀၄.၂၀) ရက်နေ့ ညတွင်ကျောက်တော်မြို့အနီးရှိနယ်မြေခံတပ်ဌာနချုပ်၏ အနောက်မြောက်ဘက်မီတာ (၁၅၀) ခန့်အကွာတွင်မသင်္ကာဖွယ်လူ(၄) ဦးအား တွေ့ရှိရသဖြင့် လုံခြုံရေးကင်းအဖွဲ့မှ ၎င်းတို့အား စစ်ဆေးရန်ခေါ်ယူခဲ့ရာ ထွက် ပြေးသဖြင့် သတိပေးပစ်ခတ်ပြီး ၎င်းတို့ ချဉ်းကပ်လာသည့် နေရာတဝိုက်တွင် ရှာဖွေခဲ့ရာ ULA/AA အဖွဲ့ဝင် အလောင်း (၂) လောင်းနှင့် ဘေးလွယ်အိတ် အတွင်း မှ လက်ပစ်ဗုံး (၁) လုံး တွေ့ရှိကြောင်း (၀၇.၀၄.၂၀) ရက်နေ့တွင် တပ်မတော်မှ ထုတ်ပြန်သည်။ [Cincds]

(၃) (၀၅.၀၄.၂၀) ရက်နေ့နံနက်တွင်ရခိုင်ပြည်နယ်တောင်ပိုင်းသို့ ULA/ AA အဖွဲ့ဝင် များ ဝင်ရောက်လာမည်ကို မလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့ ချက်ကြောင့်အမ်းမြို့နယ်၊ အမ်းမြောက်ကျေးရွာအုပ်စု၊ ကမ်းဒိတ်ကျေးရွာနှင့် အမ်း မြို့ အကြားတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး ဆောင်ရွက်ခဲ့စဉ် ULA/AA အဖွဲ့မှလင်းနိုင်၊ အသက် (၂၂) နှစ်(ဘ) ဦးသံသာအောင်၊ လှကျော်ဝင်း၊ အသက် (၂၇) နှစ်(ဘ) ဦးမောင်တင်၊ခိုင်လင်းနိုင်၊ အသက် (၂၂) နှစ်(ဘ) ဦးမောင်တင်၊တပ်သားအဆင့်ရှိကျော်ဝင်းသန်း၊ အသက် (၂၄) နှစ် (ဘ) ဦးစောမြတို့ (၄) ဦးအား လက်နက်မဲ့ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။ [Cincds]

(၄) တောင်ကုတ်မြို့နယ်၊ ဆားပြင်ကျေးရွာ အတွင်းမှဦးသန်းနိုင်၊ အသက် (၄၆) နှစ် (ဘ) ဦးသန်းဝေ အပါအဝင် ULA/AA နှင့်ပတ်သက်သူ (၅) ဦးကိုဖမ်းဆီးပြီး သက်ဆိုင်ရာနယ်မြေရဲစခန်းသို့ လွှဲပြောင်းပေးအပ်ကာ အသေးစိတ် စစ်ဆေးမေးမြန်းခြင်းများအား ဆက်လက်ဆောင်ရွက်နေကြောင်း (၀၅.၀၄.၂၀) ရက်နေ့ အစိုးရတပ်မှ ထုတ်ပြန်သည်။ [Cincds]

(၅) (၁၃.၀၄.၂၀) ရက်နေ့တွင်ပုဏ္ဏား ကျွန်းမြို့နယ်၊ ကျောက်ဆိပ်ကျေးရွာအနီး တိုက်ပွဲဖြစ်ပွါးခြင်းနှင့် ပစ်ခတ်မှုများမရှိခဲ့ကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့မှ ဗိုလ်မှူးချုပ် ဇော်မင်းထွန်းမှပြောသည်။ [The Ladies News]

(၆) (၁၃.၀၄.၂၀)ရက်နေ့၊ နံနက်တွင်ပုဏ္ဏားကျွန်းမြို့နယ်၊ ကျောက်ဆိပ်ကျေးရွာသို့ တပ်မတော်မှ လက်နက်ကြီးပစ်ခတ်သောကြောင့် ရွာသားများသေဆုံး၊ ဒဏ်ရာရမှုများ ရှိသည်ဟု လူမှုကွန်ရက်တွင် မဟုတ်မမှန် ဝါဒဖြန့်ချိမှုများ ပြုလုပ်နေသည်ကို တွေ့ရှိရကြောင်း၊ လူမှုကွန်ရက်တွင် ပြန့်နှံ့လျက်ရှိသည့် သတင်းများ၊ မီဒီယာများသို့ပေးပို့သည် ပုံများမှာ ရခိုင်ပြည်လွှတ်တော်မှ တာဝန်ရှိသူ (၁) ဦးမှ ပေးပို့ကြောင်းကိုစိစစ်တွေ့ရှိရသဖြင့် မဟုတ်မမှန်ဝါဒဖြန့်မှုများကို အားပေးဆောင်ရွက်နေသည့် လွှတ်တော်တာဝန်ရှိသူများအား တပ်မတော်မှ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်သို့ လိုအပ်သည်များ ဆောင်ရွက်နိုင်ရန် ဆက်လက်အကြောင်းကြားသွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ ထုတ်ပြန်သည်။ [Cincds]

(၇) (၁၆.၀၄.၂၀) ရက်နေ့၊ ညနေ (၄) နာရီကျော်တွင် ကျောက်တော်မြို့ ကစ္စပနဒီ တံတားအနီး လုံခြုံရေး ဆောင်ရွက်နေသည့် အစိုးရတပ်အား ULA/AA အဖွဲ့မှ မိုင်းခွဲတိုက်ခိုက်ပြီး အဝေးပြေးကားဝင်းမှ ပစ်ခတ်ခဲ့သောကြောင့် အပြန်အလှန် ပစ်ခတ်မှုဖြစ်ခဲ့ကြောင်း (၁၇.၀၄.၂၀) ရက်နေ့တွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ ထုတ်ပြန်သည်။ [ELEVEN] [Cincds]

(၈) WHO ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကား ပစ်ခတ်ခံရသည့် ဖြစ်စဉ်တွင် (၂၀.၀၄.၂၀) ရက်နေ့၊ ညနေ (၅) နာရီမိနစ် (၄၀) ခန့်၌ ရာမောင်တံတားထိပ်ရှိ အစိုးရတပ်မတော် လုံခြုံရေးဂိတ်မှ ခွင့်ပြုချက်တောင်းပြီး ဖြတ်သန်းသွားစဉ် တပ်မတော်က ပစ်ခတ်ခဲ့ကြောင်း (၂၀.၀၄.၂၀) ရက်နေ့ ULA/AA သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ [RFA]

(၉) WHO ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကားပစ်ခတ်ခံရသည့်ဖြစ်စဉ်တွင် အစိုးရတပ်မတော်မှ ပစ်ခတ်မှုမရှိကြောင်း ၊ဂိတ်၌စစ်ဆေးအပြီး တံတားပေါ်အရောက်တွင် တောင်ပေါ်ရှိ ULA/AA အဖွဲ့မှလုပ်မ်းပစ်ခြင်းဖြစ်ကြောင်း ဗိုလ်မှူးချုပ် ဇော်မင်းထွန်းမှ

ပြောသည်။ (၂၁.၀၄.၂၀) ရက်နေ့တွင်လည်း တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်သည်။ [RFA] [Eleven Media Group] [The Ladies News] [Cincds]

(၁၀) (၂၁.၀၄.၂၀) ရက်နေ့တွင်မင်းပြားမြို့နယ်၊ ရာမောင်တံတားအနီး၊ အမ်းမြို့မှ စစ်တွေမြို့သို့ သွားသည့် CPS ပိုးသတ်ဆေးကုမ္ပဏီကားအား ULA/AA မှ ပစ်ခတ်သည့်အတွက် ယာဉ်မောင်း ဦးနွယ်နွယ်မောင် သေဆုံးပြီး မောင်ဟိန်းထက်ဦး ဒဏ်ရာရရှိသွားကြောင်း မြန်မာ့တပ်မတော်က သတင်းထုတ်ပြန်သည်။ [BBC] [VOA] [Eleven Media Group] [Khit Thit Media] [The Ladies News ] [The Ladies News]

(၁၁) (၂၂.၀၄.၂၀) ရက်နေ့ညနေ(၄) နာရီတွင်ပလက်ဝမြို့ အနောက်ဘက် မြို့ဦး စေတီကုန်းအနီးရှိ ULA/AA အဖွဲ့မှမြန်မာ့စီးပွားရေးဘဏ်အနီးသို့ လက်နက်ကြီး ဖြင့် ပစ်ခတ်သောကြောင့် (၃) ဦးသေဆုံးကာ (၂) ဦးဒဏ်ရာရရှိခဲ့ကြောင်း (၂၂.၀၄.၂၀) ရက်နေ့တွင်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ သတင်းထုတ် ပြန်သည်။ [Cincds] [DMG]

(၁၂) (၂၇.၀၄.၂၀) ရက်နေ့ညနေတွင်မြောက်ဦးမြို့၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးအနီးရှိ စစ်ဆေး ရေးဂိတ်ပေါင်း အဆောက်များအား ULA/ AA အဖွဲ့မှခြင်ဆေးဘူးများနှင့် ၆၀ မမ ပုံးသီး (၁) လုံး တို့အား အသုံးပြု၍ မိးရှို့ဖောက်ခွဲ ဖျက်ဆီးသည့်အတွက် အဆောက် အဦများအနည်းငယ် ပျက်စီးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ် သည့် ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း (၂၈.၀၄.၂၀) ရက်နေ့တွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးမှထုတ်ပြန်သည်။ [Cincds]

(၁၃) ပလက်ဝမြို့နယ်ရှိ စစ်ဘေးရှောင်နှင့် အရပ်သားပြည်သူများအတွက် ရိက္ခာများ သယ်ယူပို့ဆောင်ရာတွင် ULA/AA မှကူညီပေးရန် အသင့်ရှိနေကြောင်း၊ အစိုးရ တပ်မတော်နဲ့ သက်ဆိုင်သည့်အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်အချို့မှ မိမိတို့အဖွဲ့အား တဖက်သတ် စွပ်စွဲပြောဆိုချက်များကို ဆိုရှယ်မီဒီယာ အချို့တွင် ရေးသား နေ သည်မှာ မြန်မာ့တပ်မတော်မှ ဝါဒဖြန့်၊ အပြစ်ပုံချရန် ကြိုးစားနေခြင်း ဖြစ်ကြောင်း၊ ထိုသို့ ပြောကြားချက်များအား ရေးသားနေခြင်းမှာ အဖွဲ့အစည်း၏ ဂုဏ်သိက္ခာအား ထိခိုက်သည့်အတွက် သတင်းမီဒီယာများအား တဖက်ပြောကြားချက်များကို အယုံ အကြည် လွယ်လွယ်ဖြင့် ကိုးကားပြီးမဟုတ်မမှန် ရေးသားခြင်းမပြုလုပ်ရန်၊ အမှန်တရားများအား သိရှိနိုင်ရန်အတွက် မြေပြင်သို့ လာမည်ဆိုလျှင် ဖိတ်ခေါ် ကြောင်း အသိပေးထားသည့် ထုတ်ပြန်ချက်အား ULA/AA မှ (၂၀.၀၄.၂၀) ရက်တွင်ထုတ်ပြန်ခဲ့သည်။

## ၁.၅. အခြားပစ်ခတ်တိုက်ခိုက်မှုများ

(၁) (၁၅.၀၄.၂၀) ရက်နေ့တွင်မောင်တောမြို့ မြောက်ပိုင်း၊ အောင်ဇေ နယ်ခြားစောင့်ရဲစခန်းမှဒုတပ်ကြပ်အပါအဝင်တပ်ဖွဲ့ဝင် (၄) ဦးသည်ခမောင်းဆိပ်မြို့မှ ပြန်လာစဉ် ဝေလာတောင်ကျေးရွာနှင့်ခမောင်းဆိပ်ကြား၌ အင်းအား (၃၀) ခန့်ရှိသည့် အာဆာအဖွဲ့နှင့် ပစ်ခတ်မှုဖြစ်ပွါးသောကြောင့် (၂) ဦးသေဆုံးပြီး တပ်သား စည်သူအောင်နှင့်သက်ဖြိုးအောင်တို့ (၂) ဦးလွတ်မြောက်လာခဲ့သည်။ [DMG][Cincds]

## ၁.၆. အထွေထွေနိုင်ငံရေးနှင့် ဆက်စပ်အကြောင်းအရာများ

(၁) ရခိုင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးဟောင်းဗိုလ်မှူးကြီး ထိန်လင်း (ငြိမ်း) အား အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကြံပြုတင်ပြနိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံး၏ အကြံပေးပုဂ္ဂိုလ်အဖြစ် (၂၀.၀၅.၂၀) ရက်နေ့မှစ၍ ခန့်အပ်တာဝန်ပေးလိုက်ကြောင်း သမ္မတဦးဝင်းမြင့်လက်မှတ်ရေးထိုး၍ (၃၁.၀၃.၂၀) ရက်နေ့တွင် ထုတ်ပြန်သည်။ [DMG]

(၂) (၀၅.၀၄.၂၀) ရက်နေ့တွင်ရခိုင်ပြည်အတွင်း အင်တာနက် ဖြတ်တောက်ခံ ထားရမှုနှင့် သတင်းမီဒီယာအချက် အလက်စီးဆင်းမှုအခက်အခဲများ၊ နစ်ဖက်တိုက်ပွဲများကြောင့် နေရပ်စွန့်ခွါသူ တိုးလာနေမှုများ၊ရခိုင်ပြည်တွင် (၂၀၂၀) ရွေးကောက်ပွဲကျင်းပနိုင်မည့် အလားအလာအခြေအနေများ စသည့်ကိစ္စရပ်များကိုပြည်နယ်လွှတ်တော် ဥက္ကဋ္ဌဦးစံကျော်လှနှင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်၊ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Ola Almgren တို့သည် အွန်လိုင်းမှ ဆွေးနွေးခဲ့ကြရာ ULA/AA ကိုအကြမ်းဖက်ကြေငြာလိုက်သည့်အတွက် တိုက်ပွဲပြင်းထန်လာနိုင်ပြီး ရွေးကောက်ပွဲကျင်းပရန် (၇၅) ရာခိုင်နှုန်း မဖြစ်နိုင်ကြောင်း ၎င်း၏ အမြင်အား ဦးစံကျော်လှကပြောသည်။ ထို့ပြင်ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ပြင်ဆင်စီမံဆောင်ရွက်နေမှု အပေါ် အားနည်းချက်၊ အားသာချက်များ၊ လူသားချင်းစာနာ ထောက်ထားမှု၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြောင်း ရခိုင်ပြည်နယ်လွှတ်တော်မှသိရသည်။[DMG]

(၃) (၁၃.၀၄.၂၀) ရက်နေ့မှစ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံနယ်စပ်ဂိတ်နှင့် လူဝင်လူထွက်ဂိတ်များ အားပိတ်မည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှုကို ဆက်လက်ခွင့်ပြုပေးမည် ဖြစ်ကြောင်း၊ လူဝင်လူထွက်မရှိစေရေး အတွက်ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပူးပေါင်း ဆောင်ရွက် စေလိုကြောင်းသမ္မတရုံးပြောရေးဆိုခွင့်ရှိသူဦးဇော်ဌေးမှပြောသည်။ [BBC]

(၄) အစိုးရတပ်မတော်နှင့် ULA/AA တို့တိုက်ပွဲကြောင့် (၁) လအတွင်းချင်းအရပ်သား (၂၈) ဦးသေဆုံးမှုသည် စစ်ရာဇဝတ်မြောက်၍ တိုက်ပွဲချက်ချင်း ရပ်တန့်ပေးရန် နိုင်ငံတကာနှင့် ပြည်တွင်းအရပ်ဘက်အဖွဲ့အစည်း (၁၃၉) ဖွဲ့မှ (၁၅.၀၄.၂၀) ရက်နေ့တွင် တောင်းဆိုသည်။
စစ်ရာဇဝတ်မှုမြောက်သည့် အတွက်နိုင်ငံတကာမှဖိအားပေးရန်၊ တိုက်ပွဲမရပ်တန့်ပေးလျှင် ဒီထက်မကဆက်လုပ်ရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံ အခြေစိုက်ချင်းလူ့အခွင့်အရေးအဖွဲ့ Salai Lian မှ ပြောသည်။[ Khit Thit Media ]

(၅) (၁၃.၀၄.၂၀) ရက်နေ့၊ နံနက်တွင်အစိုးရ တပ်မတော်မှ လက်နက်ကြီးဖြင့် ပုဏ္ဏားကျွန်းမြို့နယ်၊ ကျောက်ဆိပ်ကျေးရွာအား ပစ်ခတ်လိုက်သော ကြောင့် သေဆုံး၊ ဒဏ်ရာရမှု အပါအဝင် တခြားဖြစ်စဉ်များကို အမှန်အတိုင်းပြောဆို ရေးသားခဲ့သော ရခိုင်အမျိုးသာပါတီမှ လွတ်တော်ကိုယ်စားလှယ်အချို့အား တိုက်ရိုက်ခြိမ်းခြောက်မှုပါသည့် (၁၃.၀၄.၂၀) ရက်နေ့မြဝတီရုပ်မြင်သံကြား ပြည်တွင်း သတင်းအစီအစဉ်တွင် ထုတ်လွှင့်မှုအား ကန့်ကွက်ကြောင်းကို (၁၇.၀၄.၂၀) ရက်နေ့တွင် ရခိုင်အမျိုးသားပါတီမှ ထုတ်ပြန်သည်။[VOA]

(၆) ရခိုင်နှင့် ချင်းပြည်နယ်တွင် အသက်စွန့်တာဝန် ထမ်းဆောင်နေသည့် တပ်မတော်သား၊ အရာရှိ၊ စစ်သည်များအား ချီးကျူးဂုဏ်ပြုကြောင်းနှင့် တိုက်ပွဲများကြောင့် သေဆုံးခဲ့သည့် အရပ်သားမိသားစုဝင်များအတွက် နိုင်ငံတော်က ထောက်ပံ့ပေးမည်ဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးမှ (၂၁.၀၄.၂၀) ရက်နေ့တွင် ထုတ်ပြန်သည်။
ထို့ပြင် COVID- 19 ရောဂါကာကွယ်၊ ထိန်းချုပ် ကုသနိုင်ရေးအတွက် နိုင်ငံတဝှမ်းလုံးရှိ အစိုးရ၊ပြည်သူ၊ စေတနာ့ဝန်ထမ်းများ အလေးထား ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ULA/ AA အကြမ်းဖက်အုပ်စုမှ ရခိုင်ပြည်နှင့်ချင်းပြည်နယ်အတွင်း အဖျက်၊ အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ [Eleven Media Group] [The Ladies News] [DMG]

(၇) ပလက်ဝမြို့နယ်တွင်အစိုးရတပ်မတော်နှင့် ULA/AA တို့တိုက်ပွဲများကြောင့် ဆန်အိတ် များပို့ရန်အတွက် ကားမောင်းမည့်သူ မရှိဖြစ်နေကြောင်း ခူမီးချင်းမျိုးနွယ်စု ရေးရာပေါင်းစပ်ညှိနှိုင်းရေး ကော်မတီမှ ဆရာမြကပြောသည်။ [Eleven Media Group]

(၈) (၂၁.၀၄.၂၀) ရက်နေ့၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ထုတ်ပြန်ချက်တွင် ပလက်ဝမြို့တွင် အစိုးရတပ်မတော်နှင့် ULA/AA တို့တိုက်ပွဲအကြား ဒုက္ခရောက်နေသူများအတွက် ရိက္ခာဆန်များကို အရောက်ပို့ဆောင်နိုင်ခဲ့သဖြင့် ဝမ်းသာကြောင်း၊ တိုက်ပွဲပြီးဆုံးပါက ဒေသခံများအတွက် စားဝတ်နေရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိကြောင်း ထုတ်ပြန်ချက်အပေါ် ကျေးဇူးတင်ရှိကြောင်း၊ အစိုးရတပ်မတော်မှ လေကြောင်းဖြင့် မှားယွင်းပစ်ခတ်မှုကြောင့် ကလေးငယ်နှင့် သက်ကြီးရွယ်အိုများ အပါအဝင် ချင်းတိုင်းရင်းသား (၂၉) ဦး သေဆုံးပြီး အနည်းဆုံး (၄၀) ဦးခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း (၂၂.၀၄.၂၀) ရက်နေ့တွင် ခူမီးချင်းမျိုးနွယ်စုရေးရာ ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီမှ ထုတ်ပြန်သည်။ [Eleven Media Group ]

(၉) ရခိုင်ပြည်၊ မင်းပြားတွင် WHO ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကား ပစ်ခတ်ခံရပြီး ယာဉ်မောင်း ဦးပြည့်စုံဝင်းမောင် သေဆုံးသွားသောကြောင့် ဝမ်းနည်းတုန်လှုပ် ရကြောင်း၊ အပစ်အခတ် ရပ်စေလိုကြောင်း နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ (၁၆) ဖွဲ့မှ (၂၁.၀၄.၂၀) ရက်နေ့တွင်ကြေညာချက်ထုတ်ပြန်ခဲ့သည်။
ထုတ်ပြန်ချက်တွင် ရခိုင်ပြည်နှင့် တခြားနေရာများသို့ ကုလသမဂ္ဂ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ မြန်မာအရပ်ဘက်အဖွဲ့အစည်းများ အပါအဝင်လူသားချင်းစာနာမှုဆိုင်ရာ ဝန်ထမ်းအားလုံး လွတ်လွတ်လပ်လပ် သွားခွင့်ပေးရန် တိုက်တွန်းထားသည်။ [RFA ] [VOA][DMG]

(၁၀) ကုလသမဂ္ဂမှ နိုင်ငံတကာပညာရှင်နှင့်သတင်းဌာနများအား ခေါ်ဆောင်ပြီး ရခိုင်ပြည်အတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကား ပစ်ခတ်ခံရမှုအပါအဝင် တိုက်ပွဲအတွင်း စစ်ဘေး အခြေအနေများအား အမြန်ဆုံး လာရောက် စုံစမ်းစေလိုကြောင်း မြောက်ဦးမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဦးလှစောမှပြောသည်။ [VOA] [Eleven Media Group ]

(၁၁) (၂၂.၀၄.၂၀) ရက်နေ့တွင် WHO ကား အပစ်ခံရသောကြောင့် မြန်မာအစိုးရအနေဖြင့် လက်နက်ကိုင်အဖွဲ့များကြောင့် အခက်အခဲရှိသော်လည်း ကမ္ဘာ့ကပ်ရောဂါ ဘေးကျော်လွှားနိုင်ရေးအတွက် ကုလသမဂ္ဂ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့နှင့် အတူတကွ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး သေဆုံးမှုအတွက် စုံစမ်းစစ်ဆေးမှုများပြုလုပ်ရေးအတွက်နှင့် ယခုကဲ့သို့ လုပ်ရပ်မျိုး ထပ်မံမဖြစ်ပွါးစေရန် ကာကွယ်တားဆီးရေး အတွက်လည်း ဆောင်ရွက်သွားရန် ခိုင်မာစွာ ဆုံးဖြတ်ထားကြောင်း (၂၁.၀၄.၂၀) ရက်နေ့ညနေတွင်သတင်းထုတ်ပြန်သည်။ [Khit Thit Media] [The Ladies News ]

(၁၂) (၂၂.၀၄.၂၀) ရက်နေ့တွင် ပလက်ဝမြို့နယ်၌ အစိုးရတပ်မတော်နှင့် ULA/AA တို့တိုက်ပွဲအတွင်း လက်နက်ကြီးကျရောက် သေဆုံးမှုများကြောင့် လူနေရပ်ကွက်များ အနီးတိုက်ပွဲမဖြစ်ရန်၊ ULA/AA အဖွဲ့အားပလက်ဝပေါ်မှ သဘောထားကြီးစွာ ထွက်ခွါသွားရန် ခူမီးချင်းမျိုးနွယ်စုများ ရေးရာပေါင်းစပ်ညှိနှိုင်းရေး ကောင်စီ (KACC) မှ (၂၃.၀၄.၂၀) ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်သည်။

ULA/AA အဖွဲ့မရှိလျှင် အစိုးရတပ်မတော်မှ လာရောက်ပစ်ခတ်ရန် မလိုသည့်အတွက် ULA/AA အဖွဲ့အားအဓိက ထွက်သွားစေလိုကြောင်း၊ လူထုကြားတွင် တိုက်ပွဲ မဖြစ်ပွါးစေလိုကြောင်း ဦးကျော်ငြိမ်းမှပြောသည်။ [Khit Thit Media]

(၁၃) မင်းပြားမြို့နယ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ မှ ဝန်ထမ်း ဦးပြည့်စုံဝင်းမောင် ပစ်သတ်ခံရမှုအား အမေရိကန်အစိုးရ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြစ်တင်ရှုတ်ချပြီး ကျူးလွန်သူကို အရေးယူပေးရန် (၂၂.၀၄.၂၀) ရက်နေ့စွဲဖြင့် ကြေညာချက် (၁) စောင် ထုတ်ပြန်ခဲ့သည်။
WHO ဝန်ထမ်းသေဆုံးပြီး အခြားကျန်းမာရေးဝန်ထမ်း တဦးဒဏ်ရာရရှိမှု ဖြစ်စဉ်သည် ရခိုင်ပြည်တွင် အရပ်သားများ အကာအကွယ်မဲ့နေမှုနှင့် အကာအကွယ်ပေးရန်လိုအပ်နေကြောင်း၊ အပစ်အခတရပ်စဲရေး အမြန်ဆုံးလုပ်ရန် လိုအပ်နေသည်ကို သက်သေပြနေကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် MORGAN ORTAGUS မှထုတ်ပြန်ပြောဆိုသည်။ [VOA] [The Ladies News]Khit Thit Media]

(၁၄) (၂၀.၀၄.၂၀) ရက်နေ့တွင်ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ကားပစ်ခတ်ခံရပြီး အရပ်သား ပစ်ခတ်ခံရမှုများလာသည့်အတွက် ရခိုင်ပြည်တွင် နစ်ဖက်တိုက်ခိုက်မှုများကို အမြန်ဆုံး ရပ်ဆိုင်းပေးရန်အတွက် (၂၃.၀၄.၂၀) ရက်နေ့တွင် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) မှတောင်းဆိုလိုက်သည်။
COVID -19 ဖြစ်နေပြီး တိုက်ပွဲများဖြစ်နေသောကြောင့် ပြည်သူများ ထိလန့်နေသည့် အချိန်ဖြစ်သည့်အတွက် အစိုးရစစ်တပ်နှင့် ULA/AA နှစ်ဖက်စလုံး အပစ်ရပ်စဲပြီး ငြိမ်းချမ်းရေး စကားပြောရန် ရှေးရှုကာ ထုတ်ပြန်ချက်ထုတ်၍ တောင်းဆိုရခြင်း ဖြစ်ကြောင်း၊ ထုတ်ပြန်ချက်အား ULA/AA နှင့်တပ်မတော်တို့ထံ ပေးပို့သွားရန် မရှိကြောင်း ALP အဖွဲ့မှ ဗိုလ်မှူးကြီး ခိုင်စိုးမြမှပြောသည်။ (၁၂.၀၄.၂၀) ရက်နေ့တွင်လည်းထိုသို့တောင်းဆိုထားသည်။ [Irrawaddy]

(၁၅) ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဝန်ထမ်းဦးပြည့်စုံဝင်းမောင်ပစ်သတ်ခံရမှု အမှုမှန် ပေါ်ပေါက်ရေး အတွက်လွတ်လပ်ပြီး တရားမျှတသော စုံစမ်းရေးအဖွဲ့ဖြင့် အမြန်ဆုံး ဖော်ထုတ်အရေးယူရန်နှင့် ကုလအတွင်းရေးမှူးချုပ်၏ အပစ်ရပ်ပန်ကြားချက်အား လက်နက်ကိုင်အဖွဲ့များ လိုက်နာရန် အရပ်ဘက်အဖွဲ့ပေါင်း (၂၉၀) မှ

(၂၄.၀၄.၂၀) ရက်နေ့တွင် ကြေညာချက်ထုတ်ပြန် တောင်းဆိုခဲ့သည်။ [Khit Thit Media]

(၁၆) (၂၁.၀၄.၂၀) ရက်နေ့ညနေတွင် အမေရိကန်အခြေစိုက် လူ့အခွင့်အရေး စောင့်ကြည့်ရေး အဖွဲ့ (HRW) မှ WHO ဦးပြည့်စုံဝင်းအောင် ပစ်ခတ်ခံရမှုအတွက် အခင်းဖြစ်ပွါးရာသို့ ကုလသမဂ္ဂ စုံစမ်းစစ်ဆေးသူများအား ဝင်ရောက်ခွင့်ပြုပြီး လွတ်လပ်စွာ စုံစမ်းစစ်ဆေးခွင့်ပေးရန် မြန်မာအစိုးရနှင့် တပ်မတော်ကို ကြေညာ ချက် ထုတ်ပြန်တောင်းဆိုလိုက်သည်။ [RFA]

(၁၇) ရခိုင်နှင့် ချင်းပြည်နယ်တွင် အသက်စွန့်ကာကွယ်နေသည့် တပ်မတော်သားများ အား နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည် ချီးကျူးစကားသည် လက်နက်ကိုင် ပဋိပက္ခအား မဖြေရှင်းနိုင်ဘဲ၊ အန္တရာယ်ကြီးသည့် လုပ်ရပ်ဖြစ် ကြောင်း ရခိုင်အမျိုးသားပါတီ ANP ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဦးလှစောမှ ပြောသည်။ [RFA]

(၁၈) သတင်းသမားများ၊ လူ့အခွင့်အရေးကာကွယ်၊ တက်ကြွလှုပ်ရှားသူများအား အပြစ် ပေး အရေးယူခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဖိနှိပ်ချုပ်ခြယ်ခြင်း အနှောင့်အယှက် ပေးခြင်း များကိုရပ်တန့်ပြီး၊ လူ့အခွင့်အရေး ချိုးဖောက်မှုများ ခွင့်ပြုထားသည့် ဆက်သွယ် ရေး ဥပဒေပုဒ်မ (၇၇) ကိုပြင်ဆင် ရုပ်သိမ်းပေးရန်အတွက် Amnesty International နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ (၂၇.၀၄.၂၀) ရက်နေ့တွင် ထုတ်ပြန်တောင်းဆိုခဲ့သည်။
မြန်မာအစိုးရမှပြီးခဲ့သည့်မတ် (၁၉) ရက်နှင့် (၃၁) ရက်အတွင်းဆက်သွယ်ရေး ဥပဒေပုဒ်မ (၇၇) သုံးပြီး၊ ကရင်၊ ရှမ်း၊ ရခိုင်၊ ရိုဟင်ဂျာနှင့် လွတ်လပ်သည့် သတင်း ဝက်ဘ်ဆိုဒ်အပါအဝင် အင်တာနက်ဝက်ဘ်ဆိုဒ်ပေါင်း (၂၁၄၇) ခုကိုပိတ်လိုက် သောကြောင့် ဆင်းရဲနွမ်းပါးပြီးနေရပ်စွန့်ခွာ ထွက်ပြေးနေရသည့် တိုင်းရင်းသား ပြည်သူများအတွက် အရေးကြီးသော သတင်းအရင်းအမြစ်များ ဆုံးရှုံးရကြောင်း ထုတ်ပြန်ချက်တွင် ဖေါ်ပြထားသည်။ [RFA]

(၁၉) နိုင်ငံ၏ ပိုင်နက်နယ်မြေအတွင်း မည်သူ့ကိုမျှ ချန်လှပ်မထားရေး မူဝါဒ (No one left behind policy) အရ COVID-19 ကာကွယ် ထိန်းချုပ်ကုသရေးအတွက် အဓိက လုပ်ငန်းစဉ် (၇) ရပ်ပါဝင်သည့် တိုင်းရင်းသား လက်နက်ကိုင်များနှင့် ညှိနှိုင်းပေါင်းစပ်ရေး ကော်မတီအဖွဲ့(၁) ခုကိုသမ္မတဦးဝင်းမြင့်မှ (၂၇.၀၄.၂၀) ရက်နေ့တွင် ဖွဲ့စည်းလိုက်သည်။
ကော်မတီတွင် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာနက ဒုတိယဥက္ကဋ္ဌ (၂) ဒေါက်တာ တင်မျိုးဝင်းမှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူမည်ဖြစ်ပြီး (၂၃.၀၃.၂၀) ရက်နေ့တွင် ULA/AA အားအစိုးရမှ အကြမ်းဖက်အဖွဲ့အဖြစ်ကြေညာ

ထားသောကြောင့် ပူးပေါင်းဆောင်ရွက်မည့် အဖွဲ့များတွင် ULA/AA ပါဝင်ခြင်းရှိ၊ မရှိ ဖော်ပြထားခြင်း မရှိပါ။ [VOA ][Khit thit media]

(၂၀) (၂၀.၀၄.၂၀) ရက်နေ့တွင် ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ပိုင် မော်တော်ယာဉ် ပစ်ခတ်ခံရမှု နှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေး ကော်မတီ ဖွဲ့စည်းလိုက်ကြောင်း နိုင်ငံတော်သမ္မတရုံးမှ (၂၈.၀၄.၂၀) ရက်နေ့ရက်စွဲဖြင့် ထုတ်ပြန်သည်။ အခင်းဖြစ်ပွါးရာနေရာသို့ ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ရန်၊ ပစ်ခတ်ခံရမှု အတွက် မျက်မြင်သက်သေ ထွက်ဆိုချက်များအား ရယူဆောင်ရွက်မည်ဖြစ်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရာတွင် ရာဇဝတ်ကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေ တို့နှင့် အညီ စုံစမ်းနိုင်သည့် အပြင်တပ်မတော်၊ ရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေး အရာရှိများ အပါအဝင် လိုအပ်သူများကို ခေါ်ယူမေးမြန်းသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက် ထဲတွင်ပါရှိသည်။ [DMG][The Ladies News] [RFA][Khit Thit Media]

(၂၁) လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် (၂၇.၀၄.၂၀) ရက်နေ့တွင်လွတ်လာသည့် ရိုဟင်ဂျာ (၈၀၀) ကျော်အား ၎င်းတို့ မူရင်းဒေသဖြစ်သည့် စစ်တွေမြို့ပေါ်သို့ (၆၀၀) နှင့် မြောက်ပိုင်း မြို့နယ်များသို့ (၂၀၀) ပို့ဆောင်ခဲ့ကြောင်း လူဝင်မှုကြီးကြပ်ရေး အရာရှိ ဦးစိုးလွင်မှ ပြောသည်။ ပြန်ပို့သည့် လူများအား ကိုရိုနာဗိုင်းရပ်စ် ရောဂါပိုး ကူးစက်မှုရှိ-မရှိစောင့်ကြည့်ရန်အတွက် သက်ဆိုင်ရာမြို့နယ်ရှိ စာသင်ကျောင်း များတွင် စီစဥ်ထားသည်။ [RFA] [DMG]

(၂၂) ကမ္ဘာတဝန်း COVID-19 ရောဂါဘေး ရင်ဆိုင်ဖြေရှင်းနေရသည့် အချိန်တွင် မြန်မာအစိုးရ စစ်တပ်မှ ရခိုင်ပြည်ရှိ အရပ်သားများကို ပစ်မှတ်ထား တိုက်ခိုက်မှု တိုးလာနေပြီး ULA/AA အပါအဝင် လက်နက်ကိုင်တပ်ဖွဲ့များမှ အပစ်အခတ် ရပ်စဲရေး တောင်းဆိုချက်များအား အလေးမထားသည့်အပြင် ရခိုင်ပြည်နှင့်ချင်း ပြည်တွင် မြန်မာအစိုးရ တပ်မတော်ကြောင့် ပြည်သူများ ထိခိုက်နေကြောင်း (၂၉.၀၄.၂၀) ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူး ကိုယ်စားလှယ် Ms. Yanghee Lee မှ ပြောဆိုခဲ့သည်။
ထို့နောက် တာဝန်ယူမှု၊ တာဝန်ခံမှုမရှိသည့် မြန်မာအစိုးရ တပ်မတော်သည် ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ရနေသောကြောင့် ရည်ရွယ်ချက်ရှိရှိဖြင့် ကျူးလွန်နေမှုများ ကိုပြည်သူများ ဆယ်စုနှစ်နှင့်ချီ ရင်ဆိုင်ခံစားနေရကြောင်း၊ လက်နက်ကိုင် အဖွဲ့ အစည်း များနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများမှလည်း အရပ်သားများအား အကာ အကွယ်ပေးရန် တိုက်တွန်းထားပြီး စစ်ရာဇဝတ်မှုများ အားစုံစမ်းစစ်ဆေးပေးရန် Ms. Yanghee Lee မှတောင်းဆိုထားသည်။ [VOA]

(၂၃) (၂၉.၀၄.၂၀) ရက်နေ့တွင် မစ္စယန်ဟီးလီမှ ရခိုင်နှင့်ချင်းပြည်နယ်၌ အစိုးရ တပ်မတော်မှ စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများ ချိုးဖောက်ကျူးလွန် နေနိုင်ကြောင်း ရေးသားဖော်ပြချက်သည် တဖက်သတ် စွပ်စွဲ ချက်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးရာရောက်ကြောင်း ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ ပြောရေးဆိုခွင့်ရှိသူ ဦးသိန်းထွန်းဦးမှ ပြောဆိုခဲ့ပြီး အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် NLD ပါတီ ဗဟိုပြန်ကြားရေးအဖွဲ့ အတွင်းရေးမှူး မုံရွာ အောင်ရှင်မှလည်း ပြောဆိုချက်အား ကန့်ကွက်ခဲ့သည်။
ထို့နောက် ULA/AA မှအရပ်ဝတ်များဖြင့် တိုက်ခိုက်သည့် အတွက်ကြောင့် ခွဲခြားရခက်ခဲပြီး သေဆုံးသည့်အခါ အရပ်သားဖြစ်ကြောင်း ပြောဆိုမှုများရှိပြီး တပ်မတော် အနေဖြင့်နိုင်ငံ၏ အချုပ်အခြာအာဏာ ထိခိုက်လာမှုအတွက် တုံ့ပြန် ရခြင်း ဖြစ်ကြောင်းဗိုလ်မှူးချုပ်ဇော်မင်းထွန်းမှပြောသည်။

ULA/AA မှပလက်ဝတွင် အရပ်သားများအား ဖမ်းဆီးမှုများ မရှိကြောင်းနှင့် ရိက္ခာများ သယ်ယူရာတွင်လည်း နောက်ယှက်တားမြစ်မှုများ မရှိကြောင်း၊ ယခု ကဲ့သို့ ပြောဆိုနေသည်မှာ တပ်မတော်အား ထောက်ခံသည့် အစုအဖွဲ့များမှ ပြော ဆိုနေခြင်းဖြစ်ကြောင်း ULA/AA ပြန်ကြားရေး တာဝန်ခံခိုင်သုခမှ ပြောသည်။ [RFA] [Khit Thit Media] [VOA]

# ၂. လူမှု-စီးပွါးရေးသတင်းတိုများ

## ၂.၁. လူ့အခွင့်အရေးချိုးဖောက်မှုသတင်းများ

### ၂.၁.၁. မတရားဖမ်းဆီးချုပ်နှောင်ခြင်း

(၁) (၀၄.၀၄.၂၀) ရက်နေ့ညနေ (၅) နာရီခွဲတွင်ပလက်ဝမြို့နယ် ထရွန်အိုင်ကျေးရွာ၌ နေထိုင်သည့် ဦးအောင်မြင့်ဆွေအား ထမင်းစားနေစဉ် တပ်မတော်တပ်မ (၇၇) မှ စက်လှေအကြောင်း မေးမည်ဟုဆိုကာ ဖမ်းဆီးခေါ်ဆောင်သွားပြီး ယခုချိန်ထိ ဦးအောင်မြင့်ဆွေ၏ သတင်းမကြားရသေးကြောင်း ဇနီးဖြစ်သူ ဒေါ်ခင်နွယ်သိန်းက ပြောသည်။
ထရွန်အိုင်ကျေးရွာမှ ဦးအောင်မြင့်ဆွေအား ဖမ်းဆီးခေါ်ဆောင်သွားသည့် ကိစ္စနှင့် ပတ်သက်ပြီး တပ်မတော်မှ တစ်စုံတစ်ရာ ထုတ်ပြန်ခြင်းမရှိသေးပါ။ [DMG]

(၂) (၀၄.၀၄.၂၀) ရက်နေ့ ညနေတွင် တောင်ကုတ်မြို့နယ်၊ ဂျီဖြူတောင် ကျေးရွာရှိ စစ်မှုထမ်းဟောင်း ဦးကျော်ထူးအား ULA/AA အဖွဲ့ဝင်များမှ ရဲယူနီဖောင်းများ ဝတ်ဆင်ပြီး ဖမ်းဆီးသွားကြောင်း ဗိုလ်မှူးချုပ်ဇော်မင်းထွန်းမှ ပြောသည်။ [Irrawaddy]

(၃) (၃၁.၀၃.၂၀၂၀) ရက်နေ့တွင် မောင်တောမြို့ (၄) မိုင်ရပ်ကွက်တွင် နေထိုင်သည့် ကျောင်းဆရာ ဦးကျော်လင်းထွန်းနှင့် (၀၄.၀၄.၂၀) ရက်နေ့နေ့လည် (၁၂) နာရီတွင်ငွေတောင်ကျေးရွာမှ ဦးအောင်လှသိန်း အသက် (၄၂) နှစ်တို့အား စစ်ဆေးစရာရှိသည်ဟုဆိုကာ ပြင်ဖြူနယ်မြေ (၆) နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ခေါ်ဆောင်သွားခဲ့ကြောင်း ဒေသဆိုင်ရာလွှတ်တော် ကိုယ်စားလှယ် ထံမှသိရသည်။
ဦးအောင်လှသိန်းအား အဆက်အသွယ်မရသဖြင့် ပြင်ဖြူရဲစခန်းသ ဖုန်းဆက် မေးရာဖုန်းကိုင်ခြင်း မရှိကြောင်း ဦးမောင်အုန်းက ပြောကြားပြီး ကျောင်းဆရာ ဦးကျော်လင်းထွန်းအား အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်ထား ကြောင်း မောင်တောခရိုင်ပညာရေးမှူး ဦးခင်အောင်မှပြောသည်။ [DMG ]

(၄) (၀၄.၀၄.၂၀) ရက်နေ့တွင် ကျောက်တော်မြို့နယ်၊ ညောင်ချောင်းစစ်ဘေးရှောင် စခန်းအတွက်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ထောက်ပံ့ပစ္စည်းများ ထုတ်ယူပြီးပြန်လာ

သည့်ကျေးရွာစာရေးအပါအဝင် စစ်ဘေးရှောင် (၁၅) ဦးတို့သည် ကျောက်တော်မြို့ စကခ (၉) ဂိတ်ရှေ့တွင် တပ်မတော်သားများ၏ စစ်ဆေးမှုခံရသည်။

စစ်ဆေးနေသည့် အချိန်မှစပြီး အဆက်အသွယ်မရသည့်အတွက် မိသားစုများမှာ ကျန်မားရေး ထိခိုက်သူများလည်း ရှိနေပြီး စစ်ဘေးရှောင်များ အတွက် သယ်လာသည့် ဆန်များလည်း မရောက်ရှိသေး သောကြောင့် စစ်ဘေးရှောင်များမှာ အခက်အခဲ ရှိနေကြောင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဦးထွန်းဝင်းမှ ပြောသည်။ [DMG][RFA][Cincds]

(၅) (၁၅.၀၄.၂၀) ရက်နေ့တွင် တောင်ကုတ်မြို့နယ်၊ ဆားပြင်ကျေးရွာ အတွင်းမှ ဦးသန်းနိုင်၊ အသက် (၄၆) နှစ် (ဘ) ဦးသန်းဝေ၊ ဦးလှဖြူ၊ အသက်(၄၃) နှစ်၊ (ဘ) ဦးဖြူစိန်အောင်၊ ဦးအောင်ထူး၊ အသက် (၃၅) နှစ်၊ (ဘ) ဦးကာရီ၊ ဦးမြင့်အောင်၊ အသက်(၄၃) နှစ်၊ (ဘ) ဦးစိန်တင်၊ ဦးပြုံးချို၊ အသက် (၅၃) နှစ်၊ (ဘ) ဦးသန်းဝေတို့ (၅) ဦးအား အစိုးရတပ်မတော်မှ ဖမ်းဆီးခဲ့သည်။ [Cincds] [Irrawaddy] [DMG]

(၆) (၁၀.၀၄.၂၀) ရက်နေ့တွင် ပလက်ဝမြို့၊ မြို့သစ်ရပ်နေ ဦးအောင်ပ၊ ဦးလင်းဇန်နှင့် (၁၂.၀၄.၂၀) ရက်နေ့တွင် စည်ပင်သာယာရေး ကော်မတီအဖွဲ့ဝင် ဦးမြင့်မောင်တို့အား ULA/AA မှဖမ်းဆီးသွားပြီး ယနေ့ထိ ပြန်လွှတ်ပေးခြင်း မရှိကြောင်း၊ ပလက်ဝမြို့နယ်အတွင်း စစ်ဘေးရှောင်များအရေး ကူညီဆောင်ရွက်ပေးနေသူများအား ULA/AA မှ ခြိမ်းခြောက်မှုများ ရှိကြောင်း ဦးစောမြ KACC မှပြောသည်။ ULA/AA အဖွဲ့ (၁၀) ဦးခန့် သေနတ်များ ကိုင်ဆောင်လာပြီး ည (၁၂) နာရီကျော်အချိန်တွင် ဦးမြင့်အောင်အား နေအိမ်၌ ဖမ်းဆီးသွားခြင်း ဖြစ်သည်။ [The Ladies News]

(၇) (၁၉.၀၄.၂၀) ရက်နေ့၊ နေ့လည်တွင် ပုဏ္ဏားကျွန်းမြို့နယ် ကျောက်ဆိပ်ကျေးရွာ အုပ်ချုပ်ရေးမှူး အပါအဝင်ကျေးရွာသား (၃၈) ဦးအား တပ်မတော် စစ်ကြောင်း တခုမှ ဖမ်းဆီးခေါ်ဆောင်သွားပြီး (၂၀.၀၄.၂၀) ရက်နေ့၊ ညနေတွင် (၃၃) ဦး ပြန်လွှတ်ခဲ့ကြောင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဦးထွန်းမောင်မှ ပြောသည်။

ဖမ်းဆီးသွားသည့်နေ့က အုပ်ချုပ်ရေးမှူးအိမ်တွင် ကျေးရွာသား (၈၀) ခန့်စုနိုင်းပြီး အသက် (၁၈) နှစ်မှ (၅၅) နှစ်အကြား အမျိုးသားများအား ပုဏ္ဏားကျွန်းမြို့ အမှတ်-(၅၅၀) တပ်ရင်းသို့ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ကျေးရွာသားများမှ ပြောသည်။ [RFA] [VOA] [DMG] [DMG]

(၈) ၂၀၂၀ခုနှစ်၊ မတ်လတွင် ကျောက်တော်မြို့နယ် တင်းမကျေးရွာမှ ကျေးရွာသား (၁၀) ဦးအား အစိုးရတပ်မတော်မှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ယနေ့အချိန်ထိ မိသားစုဝင်များနှင့် အဆက်သွယ်မရသေးပါ။ [AASYC]

## ၂.၁.၂.ညှင်းပန်းနှိပ်စက်ခြင်း၊ လူမဆန်စွာပြုမူခြင်းနှင့် အခြားထိခိုက်ဒဏ်ရာရရှိမှုများ

(၁) (၀၁.၀၄.၂၀) ရက်နေ့တွင်ညနေ (၅) နာရီခွဲမှ (၆) နာရီချိန်ထိ ကျောက်တော်မြို့အနီး၌ အစိုးရတပ်မတော်နှင့် ULA/AA တို့ တိုက်ပွဲဖြစ်ပွါးချိန် တပ်မတော်ဘက်မှ လက်နက်ကြီးများဖြင့် ပစ်ခတ်သောကြောင့် ပြည်တော်သာရပ်ကွက်နှင့် မြို့အရှေ့ဘက်ကမ်း ပိန္နဲချောင်းကျေးရွာတို့မှ အရပ်သား (၈) ဦးဒဏ်ရာရခဲ့သည်။
(၀၂.၀၄.၂၀) ရက်နေ့၊ နံနက်တွင် ဒဏ်ရာရရှိသွားသူများထဲမှ မမိုးမိုးနွယ် အသက် (၁၇) နှစ်မှာ ဘယ်ဖက်ပေါင်၊ ညာဖက်ဒူး၊ ခါးတွင် ကျည်စထိမှန်သွား၍ စစ်တွေဆေးရုံသို့ ပို့လိုက်ရပြီး ရေတပ်မှ ပစ်ခတ်မှုဖြစ်ကြောင်း ကျည်ထိမှန်သဖြင့် လက်ညှိုး ပြတ်ထွက်သွားသော ကိုနေလင်းသန်းမှ ပြောသည်။ [RFA] [DMG] [The Ladies News]

(၂) (၀၃.၀၄.၂၀) ရက်နေ့ညနေ(၄) နာရီခွဲတွင် တပ်မတော်စစ်ကြောင်း တခုသည် ကျောက်တော်မြို့ပိုက်သည်ရပ်ကွက်၊ ဦးလှအောင်သာ နေအိမ်ရှေ့မှ ဖြတ်သွားချိန် ကစ္ဆပနဒီတံတားအနီးမှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့်ပစ်ခတ်သောကြောင့် ပိုက်သည်ရပ်ကွက်မှ ဦးလှအောင်သာ အသက် (၆၇) နှစ်၊ ဦးအောင်ကျော်ညွန့် အသက် (၃၅) ပိန္နဲချောင်းရပ်ကွက်မှ မသီတာထွေး အသက် (၂၂) နှစ်တို့ဒဏ်ရာရရှိသွား သည်။ ဦးလှအောင်သာမှာ လက်နှင့် ဝမ်းဗိုက်တွင် ဒဏ်ရာရရှိသွားပြီး ဦးအောင်ကျော်ညွန့်မှာ လက်ကောက်ဝတ်တွင် ဒဏ်ရာရရှိသွား ခြင်းဖြစ်သည်။
မသီတာထွေးမှာ ဖုံးခိုကျင်းထဲတွင် ခိုလှုံနေစဉ် လက်နက်ကြီး ကျည်ကျရောက်လာပြီး နောက်ကျောတွင် ဒဏ်ရာရရှိသွားခြင်း ဖြစ်သောကြောင့် ဒဏ်ရာပြင်းထန်သဖြင့်စစ်တွေဆေးရုံသို့ ယူဆောင်သွားရသည်။ [DMG]

(၃) (၀၃.၀၄.၂၀) ရက်နေ့၊နံနက် (၇) နာရီတွင် ပုဏ္ဏားကျွန်းမြို့နယ်၊ လက်ဝဲစာတိုက်ကျေးရွာအနီး၌ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲသောကြောင့် နွားကျောင်းရန်သွားသည့် ဦးစောနိုင်ဝင်း (၃၅) နှစ်အား ကျည်ထိမှန်ခဲ့သည်။
ပုဏ္ဏားကျွန်းမြို့ မြောက်ဘက်ရှိ (၅၅၀) တပ်ရင်းဘက်မှ ပစ်ခတ်သည့် ကျည်ဖြစ်ပြီး ဦးစောဝင်းနိုင်အား ပုဏ္ဏားကျွန်းဆေးရုံမှ တစ်ဆင့် စစ်တွေဆေးရုံကြီးသို့ ပို့ဆောင်ထားရကြောင်း မိသားစုဝင်အချို့မှ ပြောသည်။ [DMG]

(၄) (၁၆.၀၄.၂၀) ရက်နေ့၊ ညနေ (၄) နာရီကျော်တွင် မြေပုံမြို့နယ်၊ ကမ်းထောင်းကြီး မြို့မှ ကိုဆန်းဝင်းထွန်း (၂၇) နှစ်သည် ရန်ကုန်မှလာသည့် ခရီးသည်များ တင်ဆောင်ရန် စက်လှေဖြင့်က ဇုကိုင်းကျေးရွာသို့ သွားရာတွင် သေနတ်ပစ်ခတ်ခံရပြီး ဘယ်ဖက်ပေါင် ကျည်ထိမှန်သွားကြောင်း ကမ်းထောင်းကြီးမြို့ နာရေးအသင်း ဥက္ကဋ္ဌ ဦးရန်နိုင်ဖြိုးမှ ပြောသည်။
ကိုဆန်းဝင်းထွန်းသည် ဒါးလက်ချောင်း တလျှောက်သွားရာတွင် ပစ်ခံရခြင်းဖြစ်ပြီး စွိချောင်းကျေးရွာ၏ ဘယ်ဖက်ခြမ်းတွင် စစ်တပ်ရှိသည်။ [DMG]

(၅) (၁၇.၀၄.၂၀) ရက်နေ့၊ ညနေ (၇) နာရီတွင်ပလက်ဝမြို့နယ်၊ လယ်လှကျေးရွာ အုပ်စု၊ နန်းချောင်းဝကျေးရွာ၌ အစိုးရတပ်မတော်မှ လေယာဉ် (၂) စီးဖြင့် ပစ်ခတ်သောကြောင့် ဒေသခံ (၈) ဦး ဒဏ်ရာရရှိသွားပြီး ဒဏ်ရာရရှိသူများအား ပလက်ဝ ဆေးရုံသို့ ပို့ဆောင်ထားရကြောင်း နန်းချောင်းဝကျေးရွာသား တဦးက ပြောသည်။ [VOA ][Chin world][The Ladies News]

(၆) (၁၇.၀၄.၂၀) ရက်နေ့၊ ညနေ(၇) နာရီတွင် ကျောက်တော်မြို့နယ်၊ လမ်းမတော် ကျေးရွာမှ ကိုညီအောင်ခန့် အသက် (၁၇) နှစ်၊ (ဘ) ဦးသန်းလွင်သည် အိမ်ရှေ့၌ ထိုင်နေစဉ် ကျည်ထိမှန်သောကြောင့် ဒဏ်ရာရရှိခဲ့သည်။
ကျေးရွာအနီး၊ (၃၇၄) ခြေမြန်တပ်ရင်းအနီးရှိ စံကားတောင်ဘက်မှ ပစ်ခတ်သံများ ကြားရခြင်းဖြစ်ပြီး မည်သည့်နေရာမှ ပစ်ခတ်သည်ကို အတိအကျမသိရှိကြောင်း မိသားစုဝင်များမှပြောသည်။ [Irrawaddy]

(၇) (၁၈.၀၄.၂၀) ရက်နေ့၊ ညနေ (၇) နာရီကျော်တွင် အမ်းမြို့နယ်၊ ကဇုကိုင်း ကျေးရွာ အုပ်စု ဆင်ဦးတိုက်ရွာသို့ လက်နက်ကြီးကျည်များ ကျရောက်သော ကြောင့် ကိုမောင်နဝေ အသက် (၁၉) နှစ်၊ ကိုညီစေ့ကေ အသက် (၂၈) နှစ်၊ ဦးစံသိန်းထွန်း အသက် (၃၆) နှစ်နှင့် ဇနီးဖြစ်သူ ဒေါ်လှလှနွယ် အသက် (၃၅) နှစ် တို့ ဒဏ်ရာရရှိသွားကြောင်း မိသားစုဝင်များမှ ပြောသည်။
ရွာအနီး တိုက်ပွဲဖြစ်ပွါးမှုမရှိဘဲကဇုကိုင်းကျေးရွာ အနောက်ဘက်တွင် တပ်စွဲထားသည့် တပ်မတော်စစ်ကြောင်းမှ ပစ်ခတ်လိုက်သောကြောင့် ရွာထဲသို့ ကျရောက် ပေါက်ကွဲခြင်း ဖြစ်ကြောင်း ဆင်ဦးတိုက် ကျေးရွာသား ဦးစံထွန်းလှနှင့် ဒေသခံများ မှ ပြောသည်။ [Irrawaddy]

(၈) (၁၈.၀၄.၂၀) ရက်နေ့၊ ညနေ (၈) နာရီတွင် အမ်းမြို့နယ်၊ ဆင်ဦးတိုက် ကျေးရွာ၌ လက်နက်ကြီး ကျည်ထိမှန်မှုကြောင့် မောင်နဝေ အသက် (၁၈) နှစ်မှာ ဘယ်ဖက်မျက်လုံးတွင် ပြင်းထန်စွာ ဒဏ်ရာရရှိသွားပြီး နာတံရိုးလည်း ကျိုးသွားသည်။

ဦးသောင်းလှရွှေ အသက် (၃၀) နှစ်မှာ ဘယ်ဖက်ခြေ၊ ဦးစံသိန်းထွန်း အသက် (၃၇) နှစ်မှာ ဦးခေါင်းနှင့် ဒေါ်လှလှနွယ် အသက် (၃၂) နှစ်မှာ ညာဖက် ရင်ဘတ်တို့ တွင်ဒဏ်ရာရရှိသွားခဲ့သည်။
ထိုနေ့က ဆင်ဦးတိုက်ရွာနှင့် သုံးမိုင်ခန့် ဝေးကွာသည့် စွံချောင်းကျေးရွာအနီးတွင် ပစ်ခတ်သံ (၁) နာရီခန့် ကြားကြားခဲ့ရကြောင်း ဒေသခံများမှပြောသည်။ [DMG ]

(၉) (၀၉.၀၄.၂၀) ရက်နေ့၊ နေ့လည် (၂) နာရီတွင် ပလက်ဝမြို့အနီး၊ အစိုးရတပ်မတော်နှင့် ULA/AA တို့ တိုက်ပွဲဖြစ်ပွါးခဲ့သောကြောင့် ပလက်ဝမြို့၊ ရိက္ခာရပ်ကွက်မှ ဦးအောင်ထင်လင်း အသက် (၄၀) အား သေနတ်ကျည်ထိမှန် ဒဏ်ရာရခဲ့သည်။ [Irrawaddy]

(၁၀) (၁၀.၀၄.၂၀) ရက်နေ့၊ ညနေ (၅) နာရီတွင် မြောက်ဦးမြို့နယ်၊ ဝေသာလီ ကျေးရွာအနီးပေါက်ကွဲမှု တစ်ခုကြောင့် ဦးဦးမောင်ချေ အသက် (၅၂) နှစ်နှင့် မောင်ဇော်လင်းဌေး အသက် (၁၄) နှစ်တို့ ဒဏ်ရာပြင်းထန်စွာ ရရှိသွားကြောင်း၊ မောင်ဇော်လင်းဌေး ဆော့ကစားနေရာမှ ပေါက်ကွဲခြင်းဖြစ်ပြီး မည်သည့် လက်နက်အမျိုးအစား ပေါက်ကွဲမှုန်း မသိသော်လည်း မောင်ဇော်လင်းဌေးမှာ ဒဏ်ရာ ပြင်းထန်သဖြင့် ညာဖက်ခြေထောက် ဖြတ်လိုက်ရကြောင်း မိသားစုဝင် ဦးထွန်းထွန်းစိုးမှ ပြောသည်။ [DMG ]

(၁၁) (၁၀.၀၄.၂၀) ရက်နေ့၊ (၂၁း၄၅) နာရီခန့်တွင် အစိုးရတပ်မတော်မှ လက်နက်ကြီးဖြင့် ပစ်ခတ်လိုက်သောကြောင့် အမ်းမြို့နယ်၊ ကစုကိုင်းအုပ်စု၊ စွေ့ချောင်းကျေးရွာရှိ ဦးငရွှေ (ဘ) ဦးရင်း၊ ဦးတင်အောင် အသက် (၆၆) နှစ် (ဘ) ဦးကျော်အေးကြီးနှင့် တခြားကျေးရွာသား (၂) ဦးဒဏ်ရာရရှိခဲ့သည်။ [AASYC]

(၁၂) (၁၂.၀၃.၂၀) ရက်နေ့၊ ညနေ (၈) နာရီတွင် အမ်းမြို့နယ်၊ ဒါးလက်အုပ်စု၊ အလက်ကျွန်းကျေးရွာသို့ လက်နက်ကြီး ကျရောက်ပေါက်ကွဲသောကြောင့် ဦးသန်းအောင်၊ အသက (၅၂) နှစ်၊ ဒေါ်တင်မာဝင်း အသက် (၄၀) နှစ်နှင့် မောင်မြင့်မြတ် အသက် (၁၁) နှစ်တို့ ဒဏ်ရာရရှိသွားသည်။ ထိုနေ့က ဒါးလက်ချောင်းတဖက်ကမ်းရှိ တပ်မတော်ဗျူဟာကုန်းမှ လက်နက်ကြီးပစ်ခတ်သံများ ကြားခဲ့ရကြောင်း ဒေသံများမှပြောကြားသည်။ [DMG]

(၁၃) (၁၃.၀၄.၂၀) ရက်နေ့၊ နံနက် (၈) နာရီတွင် အစိုးရတပ်မတော် (၅၅၀) တပ်ရင်းမှ ပုဏ္ဏားကျွန်းမြို့နယ်၊ ကျောက်ဆိပ်ကျေးရွာသို့ လက်နက်ကြီးများ ပစ်ခတ်လိုက်သောကြောင့် (၁၃) ဦးဒဏ်ရာရရှိခဲ့ပြီး ပုဏ္ဏားကျွန်းဆေးရုံတွင် (၁၀) ဦးနှင့်စစ်တွေဆေးရုံ တွင် (၃) ဦးဆေးကုသမှုခံယူနေရသည်။[DMG] [RFA] [The Ladies

News] [VOA] [BBC]

(၁၄) (၁၆.၀၄.၂၀)ရက်နေ့၊ ညနေ (၄) နာရီကျော်တွင် ကျောက်တော်မြို့ အဝေးပြေးကား ဂိတ်အတွင်း အစိုးရတပ်မတော်နှင့် ULA/AAတို့ ပစ်ခတ်မှု ဖြစ်ပွါးခဲ့သောကြောင့် ပိုက်သည်ရပ်ကွက်မှ မထွန်းပမေ အသက် (၁၂) နှစ်၊ ဒေါ်မတင်ရီ အသက် (၅၀) နှစ်၊ ဦးလှကျော်ထွန်း အသက် (၆၀) နှစ်၊ မောင်နေမြိုးထွန်း အသက် (၁၄) နှစ်၊ ဦးလှထွန်း (ခ) မောင်ကြီးဃေ အသက် (၅၂) နှစ်၊ မောင်ဇင်ကို အသက် (၁၉) နှစ်တို့ ဒဏ်ရာရရှိခဲ့သည်။ [DMG]

(၁၅) (၂၀.၀၄.၂၀) ရက်နေ့နံနက်(၉) နာရီတွင် မင်းပြားမြို့နယ်၊ ရာမောင်တံတားထိပ် အနီးရှိ လေ့ဆိပ်၌ အစိုးရတပ်မတော်နှင့် ULA/AA တို့ တိုက်ပွဲဖြစ်ပွါးပြီး (၃) ဖါလုံခန့် ဝေးသည့်မင်းရွာထဲသို့ လက်နက်ကြီး ကျရောက်သောကြောင့် ဦးစိန်အေးချမ်း၊ အသက် (၆၅) နှစ်အပါအဝင် (၃) ဦးဒဏ်ရာရရှိခဲ့သည်။ [RFA ]

(၁၆) (၂၀.၀၄.၂၀) ရက်နေ့ညနေ (၅) နာရီတွင် မင်းပြားမြို့နယ်၊ ရာမောင်တံတား အနီး ဇက်ဆိပ်အလွန်၌ WHO ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကားပစ်ခတ်ခံရပြီး အစိုးရ ကျန်းမာရေးဌာနက ကြီးကြပ်အဆင့် (၂) ရှိသူ ဦးအောင်မျိုးဦးထိခိုက် ဒဏ်ရာရရှိခဲ့သည်။ [RFA][VOA] [Eleven Media Group] [DMG]

(၁၇) (၂၁.၀၄.၂၀) ရက်နေ့တွင်မင်းပြားမြို့နယ်၊ ရာမောင်တံတားအနီး၊ အမ်းမြို့မှ စစ်တွေမြို့သို့ သွားသည့် CPS ပိုးသတ်ဆေးကုမ္ပဏီကား ပစ်ခတ်ခံရသောကြောင့် မောင်ဟိန်းထက် ဒဏ်ရာရရှိသွားကြောင်း ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးလှအောင်ညွှန့် မှပြောသည်။ [DMG][BBC] [VOA] [Eleven Media Group] [Khit Thit Media] [The Ladies News ] [The Ladies News]

(၁၈) (၂၁.၀၄.၂၀) ရက်နေ့တွင် မင်းပြားမြို့နယ်၊ မေလွမ်းကျေးရွာအနီး တပ်မတော် စစ်ကြောင်း (၁) ခုမှပစ်ခတ်မှုကြောင့် ဦးကျော်ခိုင်အသက် (၇၃) နှစ်အား ကျည်ဆံထိမှန်သဖြင့် စစ်တွေဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေကြောင်း တူဖြစ်သူ ကိုဝင်းကိုနိုင်မှ ပြောသည်။ [DMG]

(၁၉) (၂၂.၀၄.၂၀) ရက်နေ့ညနေ(၄) နာရီတွင် ပလက်ဝမြို့ အနောက်ဘက်မြို့ ဦးစေတီကုန်းအနီးရှိ ULA/AA အဖွဲ့မှ မြန်မာ့စီးပွားရေးဘဏ်အနီးသို့ လက်နက်ကြီး ဖြင့်ပစ်ခတ်သောကြောင့် ဦးလှသိန်းမောင် (ကြီးကြပ်ရေးမှူး)၊ အသက် (၅၂) နှစ်နှင့် ဦးလောဟာတင့် (ဒုတိယကြီးကြပ်ရေးမှူး)၊ အသက် (၄၅) နှစ်တို့ (၂) ဦးဒဏ်ရာများ ရရှိခဲ့သည်။ [Cincds] [DMG]

(၂၀) (၂၂.၀၄.၂၀) ရက်နေ့တွင်အစိုးရတပ်မတော်နှင့် ULA/AA တို့တိုက်ပွဲအတွင်း လက်နက်ကြီးကျည် ကျရောက်သောကြောင့် မီးလက်ဝရွာမှ အမျိုးသား (၂) နှစ်ဦး နှင့် မဝေဝေလှိုင် (၉နှစ်)တို့ဒဏ်ရာရရှိပြီးရှင်ဝကျေးရွာမှအသက် (၂) နှစ် အရွယ်ကလေး (၁) ဦးလည်းဒဏ်ရာရရှိသွားကြောင်း ပလက်ဝဒေသခံ ကိုမင်းထွန်းအောင်က ပြောသည်။ [DMG]

(၂၁) (၂၆.၀၄.၂၀) ရက်နေ့နံနက် (၁၀) နာရီတွင် ဘူးသီးတောင်မြို့နယ်၊ ကံ့ကော်မြိုင်ကျေးရွာအနီး အစိုးရတပ်မတော်နှင့် ULA/AA တို့တိုက်ပွဲဖြစ်ပွါးနေရာမှ ရွာထဲသို့ လက်နက်ကြီး၊ လက်နက်ငယ်များ ကျရောက်သောကြောင့် မဆန်းနွယ်အသက် (၁၃) နှစ်ဒဏ်ရာ ရရှိကြောင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစိန်ကျော်ဝင်းမှ ပြောသည်။ [DMG] [Irrawaddy]

(၂၂) (၂၇.၀၄.၂၀) ရက်နေ့၊ ညနေ (၄) နာရီတွင်မြောက်ဦးမြို့၊ ညောင်ပင်ဈေးရပ်ကွက်၊ မြဝါတောင်အောက်တွင် ဖွင့်လှစ်ထားသည့် ထမင်းဆိုင်အား လက်နက်ကြီးကျည်ကျ ရောက်ပေါက်ကွဲသောကြောင့် မမိငယ် အသက် (၁၆) နှစ်၊ အသက် (၆၀) နှစ်အရွယ်အမျိုးသမီး (၁) ဦးနှင့် ဆိုင်ပိုင်ရှင် ဦးအောင်လင်း အသက် (၃၄) နှစ်တို့ဒဏ် ရာရရှိခဲ့သည်။
မြောက်ဦးမြို့တွင်း တိုက်ပွဲဖြစ်ပွါးခြင်းမရှိကြောင်းနှင့် လက်နက်ငယ် ပစ်ခတ်သံ နှစ်ချက်ခန့်ကြားရပြီး နောက်လက်နက်ကြီးကျည်ကျခြင်း ဖြစ်ကြောင်းညောင်ပင်ဈေးရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြသာထွန်းမှ ပြောသည်။ [DMG]

(၂၃) (၂၉.၀၄.၂၀) ရက်နေ့နံနက် (၇) နာရီတွင် ရသေ့တောင်မြို့နယ်၊ သာစည်ကုန်းကျေးရွာမှ ဦးမောင်သန်းတင် အသက် (၅၀) နှစ်သည်ကျေးရွာ အနီး တောင်တန်းသို့ ဝါးခုတ်ရန်သွားစဉ် မိုင်းနင်းမိသောကြောင့် ဒဏ်ရာရရှိသွားကြောင်း မိသားစုဝင် (၁) ဦးမှပြောသည်။ [DMG]

(၂၄) (၂၉.၀၄.၂၀) ရက်နေ့၊ နေ့လည်တွင် ပုဏ္ဏားကျွန်းမြို့နယ်၊ နတ်တောင်ကျေးရွာအနီးအစိုးရတပ်မတော်နှင့် ULA/AA တို့တိုက်ပွဲဖြစ်ပွါးရာမှ နေအိမ်သို့ လက်နက်ကျည်ကျရောက်သောကြောင့် (၈) တန်းကျောင်းသူ မနင်းနင်းဝေ အသက် (၁၄) နှစ် ကျည်ထိမှန်ဒဏ်ရာရရှိခဲ့သည်။ [DMG]

## ၂.၁.၃. သတ်ဖြတ်ခြင်း

(၁) (၀၁.၀၄.၂၀) ရက်နေ့ ညနေတွင် ကျောက်တော်မြို့ပေါ်၌ ပစ်ခတ်မှုများဖြစ်ပွါးခဲ့သောကြောင့် ပြည်တော်သာရပ်ကွက်မှ ဦးမောင်အေးကျော် အသက် (၅၈) နှစ်၊ ဒေါ်ကုလားမစိန်အသက် (၆၂)နှစ်၊ ရွာမပြင်ကျေးရွာမှ ဦးမောင်ကြာ အသက် (၇၂) နှစ်၊ ပိန္နဲချောင်းကျေးရွာမှ ဒေါ်မထွီးအသက် (၅၄) နှစ်နှင့် သမီးဖြစ်သူမဖြူဖြူအေးအသက် (၁၄) နှစ်တို့ (၅) ဦးသေဆုံးသွားကြောင်း ကျောက်တော်မြို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းဦးနှင့် ဒေသခံများကပြောသည်။[DMG] [RFA] [The Ladies News]

(၂) (၀၂.၀၄.၂၀) ရက်နေ့တွင် ဘူးသီးတောင်မြို့နယ်၊ သံခွေကျေးရွာမှ ဒေါ်ဖြူသိန်းချေ (ခေါ်) ဒေါ်မသန်းဝင်း အသက် (၂၂) နှစ် သည်ဘူးသီးတောင်မြို့ အရှေ့ဖက်ရှိ တပ်ရင်း (၅၅၁) သို့ယောကျ်ားဖြစ်သူ လစာအား ထုတ်ယူရန်သွားစဉ် ထိုတပ်ဝင်းထဲ၌ ကျည်ဆံထိမှန် သေဆုံးသွားကြောင်း ကျေးရွာ အုပ်ချုပ်ရေးမှူးလည်းဖြစ်၊ ဖခင်လည်းဖြစ်သူ ဦးမောင်ထွန်းအေးမှပြောသည်။
မိသားစုများမှအလောင်းအား သွားယူရာ တပ်မှယူခွင့်မပြုသည့်အတွက်လွှတ်တော်ကိုယ်စားလှယ်များအား အကူညီတောင်းခဲ့သော်လည်း သမီးအလောင်းအားယူမရကြောင်း ဖခင်ဖြစ်သူမှ ပြောကြားသည်။ [DMG]

(၃) (၀၅.၀၄.၂၀) ရက်နေ့ ညနေတွင်ရသေ့တောင်မြို့နယ်၊ ငစံဘော် (ခ) မုဆိုးချောင်းကျေးရွာမှ ဦးသိန်းမောင် အသက် (၅၇) နှစ်သည်ရွာ၏ (၆) ဖာလုံအကွာရှိ တောင်တန်းအနီးသို့ ကျွဲရှာရန်သွားစဉ် မိုင်းနင်းမိသဖြင့် ညာဖက်ခြေနှင့် ညာဖက်လက်ဖျားများ ပြတ်သွားပြီး သွေးထွက်လွန်ကာ သေဆုံးသွားကြောင်း ညီဖြစ်သူ ဦးသိန်းထွန်းဖြူမှ ပြောသည်။
ကုန်းလမ်းတွင် ညမထွက်ရအမိန့်ကြောင့် ရေလမ်းမှစက်လှေဖြင့် ရသေ့တောင်ဆေးရုံသို့ ပို့ခဲ့ရာ ဆေးရုံမရောက်မီ ည (၈) နာရီကျော်တွင် သေဆုံးသွားခဲ့ ခြင်းဖြစ်သည်။
ထိုတောင်တန်းများတွင် အစိုးရတပ်မတော်နှင့် ULA/AA တို့မကြာခဏ တိုက်ပွဲဖြစ်ပွါးမှုများ ရှိကြောင်း အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ်မှ ပြောသည်။ [DMG]

(၄) (၀၇.၀၄.၂၀) ရက်နေ့ညနေ(၇) နာရီတွင်ပလက်ဝမြို့နယ်၊ လယ်လှကျေးရွာအုပ်စု၊ နန်းချောင်းဝကျေးရွာ၌ အစိုးရတပ်မတော်မှ လေယာဉ်(၂) စီးဖြင့် ပစ်ခတ်သော

ကြောင့် ဒေသခံ (၇) ဦး သေဆုံးသွားကြောင်း နန်းချောင်း၀ ကျေးရွာသားတဦးက ပြောသည်။ [VOA ][The Ladies News][Chin world]

(၅) (၁၁.၀၄.၂၀) ရက်နေ့ ညနေ (၇) နာရီတွင် ပုဏ္ဏားကျွန်းမြို့နယ်၊ ဂဏန်းမဲ ကျေးရွာအနီး လက်နက်ကြီး ပေါက်ကွဲသံများကြောင့် နလုံးရောဂါ အခံရှိသည့် ဦးမောင်သာကျော် အသက် (၅၅) နှစ် သေဆုံးသွားခဲ့သည်။ ပုဏ္ဏားကျွန်းမြို့နှင့် စစ်တွေမြို့နယ်တို့မှ ဂဏန်းမဲကျေးရွာအနီးသို့ လက်နက်ကြီးများ အဆက်အပြတ် ပစ်ခတ်နေသည်မှာ (၁) ပတ် ကျော်ကြာပြီ ဖြစ်ကြောင်း ပုဏ္ဏားကျွန်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းမောင်မှပြောသည်။ [DMG]

(၆) (၁၂.၀၃.၂၀) ရက်နေ့ ညနေ (၈) နာရီတွင် အမ်းမြို့နယ်၊ ဒါးလက်အုပ်စု၊ အလယ်ကျွန်းကျေးရွာသို့ လက်နက်ကြီး ကျရောက်ပေါက်ကွဲသောကြောင့် မောင်စိုးစိုး (ခ) စိုးငယ်၊ အသက် (၁၈) နှစ် သေဆုံး သွားခဲ့သည်။ [DMG]

(၇) (၁၃.၀၄.၂၀) ရက်နေ့ နံနက်(၈) နာရီတွင် အစိုးရတပ်မတော် (၅၅၀) တပ်ရင်းမှ ပုဏ္ဏားကျွန်းမြို့နယ်၊ ကျောက်ဆိပ်ကျေးရွာသို့ လက်နက်ကြီးများ ပစ်ခတ်လိုက်သောကြောင့် မချေ (ခ) သန်းသန်းစိုး၊ အသက် (၂၄) နှစ်၊ နီထွန်း အသက် (၂၅) နှစ်၊ ထက်မြတ်ဦး အသက် (၁၁) နှစ်၊ လှုလှုချေ အသက် (၂၆) နှစ်၊ အောင်နိုင်ဆန်း အသက် (၁၅) နှစ်၊ မောင်မောင်ရွှေ အသက် (၂၃) နှစ်၊ မောင်ငွေးဝင်း အသက် (၁၆) နှစ်၊ ဦးမောင်ဝင်း အသက်(၁၈) နှစ်တို့သေဆုံး သွားသည်။
သေဆုံးသူ (၈) ဦးတွင် (၄) ဦးမှာ ပုဏ္ဏားကျွန်းဆေးရုံတွင် (၂) ဦး၊ စစ်တွေဆေးရုံသို့ ယူလာစဉ် ကျောက်တန်းဂိတ်တွင် စစ်ဆေးသည်မှာ (၁) နာရီကျော်ကြာသောကြောင့် လမ်းတွင် (၁) ဦး၊ ဆေးရုံသို့ရောက်စဉ် (၁) ဦးသေဆုံးသွားခြင်းဖြစ်ကြောင်း ရွှေရောင်မေတ္တာ လူမှုကူညီရေးအသင်း ကိုဇေယျာလင်းမှ ပြောသည်။ [DMG] [RFA][The Ladies News] [VOA] [BBC ]

(၈) (၁၆.၀၃.၂၀) ရက်နေ့ ညနေ (၄) နာရီကျော်တွင် ကျောက်တော်မြို့ အဝေးပြေးကား ဂိတ်အတွင်း အစိုးရတပ်မတော်နှင့် ULA/AAတို့ ပစ်ခတ်မှု ဖြစ်ပွါးခဲ့သောကြောင့် ပိုက်သည်ရပ်ကွက်မှ မောင်နေမြိုးထွန်း အသက် (၁၄) နှစ်သေဆုံးခဲ့သည်။ [DMG]

(၉) (၂၀.၀၄.၂၀) ရက်နေ့ညနေ (၅) နာရီတွင်မင်းပြားမြို့နယ်၊ ရာမောင်တံတားအနီး ဇက်ဆိပ်အလွန်၌ WHO ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကား ပစ်ခတ်ခံရပြီး ယာဉ်မောင်း ဦးပြည့်စုံဝင်းမောင် ထိခိုက်ဒဏ်ရာရရှိခဲ့ရာ (၂၁.၀၄.၂၀) ရက်နေ့ နံနက်တွင်

မင်းပြားဆေးရုံ၌ ဦးပြည့်စုံဝင်းအောင် သေဆုံးသွားခဲ့သည်။ [RFA][VOA] [Eleven Media Group] [DMG]

(၁၀) (၂၁.၀၄.၂၀) ရက်နေ့နံနက် (၁၀) နာရီတွင်မင်းပြားမြို့နယ်၊ မေလွမ်းကျေးရွာ အနီး၌ အစိုးရတပ်မတော် ပစ်ခတ်မှုကြောင့် ဦးကျော်ဝင်းချေ (ခ) ကျော်ဝင်း၊ အသက် (၃၃) နှစ် သေဆုံးသွားကြောင်း ဖခင်ဖြစ်သူ ဦးကျော်လှဦးမှပြောသည်။ [DMG]

(၁၁) (၂၁.၀၄.၂၀) ရက်နေ့တွင်မင်းပြားမြို့နယ်၊ ရာမောင်တံတားအနီး၊ အမ်းမြို့မှ စစ်တွေမြို့ သို့သွားသည့် CPS ပိုးသတ်ဆေးကုမ္ပဏီကား ပစ်ခတ်ခံရသောကြောင့် ယာဉ်မောင်း ဦးနွယ်နွယ်မောင် သေဆုံးခဲ့သည်။ [BBC] [VOA] [Eleven Media Group] [Khit Thit Media] [The Ladies News ] [The Ladies News]

(၁၂) (၂၂.၀၄.၂၀) ရက်နေ့ညနေ (၅) နာရီတွင်ပလက်ဝမြို့နယ်၌ အစိုးရတပ်မတော်နှင့် ULA/AA တို့တိုက်ပွဲအတွင်း မြန်မာ့စီးပွားရေးဘဏ်နှင့် မူကြိုကျောင်းအကြား လက်နက်ကြီး ကျရောက်သောကြောင့် ဘဏ်ဂန်ထမ်း ဒေါ်အိသဉ္ဇာ၊ သမီးဖြစ်သူ အဲလစ်ဇဘက် မိုးမိုးအောင်၊ အသက် (၄) နှစ်နှင့် ဒေါ်မြတ်လေးနွယ်၏ သားဖြစ်သူ မောင်မောင်ဝင်း၊ အသက် (၉) နှစ်တို့သေဆုံးသွားကြောင်း ချင်းပြည်နယ်မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးထိုက်မှ ပြောသည်။ [Khit Thit Media] [The Ladies News ]

(၁၃) (၂၂.၀၄.၂၀) ရက်နေ့၊ ညနေတွင်မင်းပြားမြို့နယ်တွင်း တပ်မတော်စစ်ကြောင်း (၁) ခု ဝင်ရောက်လာပြီး ပစ်ခတ်မှုကြောင့် သံထောင်ရပ်ကွက်မှ ကိုသန်းထွန်း အသက် (၃၁) နှစ်နှင့် ဦးကျော်မြတ်ထွန်း (ခေါ်) ထွန်းနုချေတို့ ကျည်ထိမှန် သေဆုံးခဲ့သည်။
မြို့ထဲမှ သံထောင်ရပ်ကွက်သို့ ဆိုင်ကယ်ဖြင့်သွားစဉ် အလယ်ပိုင်းရပ်ကွက်၊ စွန်ရဲ လမ်း၊ မီးစက်ကြီးအနီး၌ ပစ်ခတ်ခံရ၍ သေဆုံးသွားခြင်းဖြစ်ကြောင်း ကိုသန်းထွန်း ၏ အစ်ကိုဦးသန်းထိုက်ဦး (ခ) လိပ်ပြာက ပြောသည်။ [DMG]

(၁၄) (၂၂.၀၄.၂၀) ရက်နေ့၊ ညနေတွင်မင်းပြားမြို့နယ် ရာမောင်တံတား ဘက်မှ ပစ်ခတ် မှုကြောင့် နရမ်းကျေးရွာမှ ဦးစံဦးကျော်အသက် (၆၀) နှစ် သေဆုံးပြီး နရမ်း ကျေးရွာ အနီးပစ်ခတ်မှု ဖြစ်ပွါးနေသောကြောင့် အိမ်ပြန်လာသည့် စန်းဘလေ ကျေးရွာမှ အီစူအာလီအသက် (၁၇) နှစ် ကျည်ထိမှန် သေဆုံးခဲ့သည်။ နေအိမ်တွင် ထိုင်နေ သည့် မွတ်ဆလင် (၆) ဦးလည်းဒဏ်ရာရခဲ့သည်။ [DMG]

(၁၅) (၂၂.၀၄.၂၀) ရက်နေ့ညနေ(၄) နာရီတွင်ပလက်ဝမြို့ အနောက်ဘက်မြို့ဦး စေတီကုန်းအနီးရှိ ULA/AA အဖွဲ့မှ မြန်မာ့စီးပွားရေးဘဏ်အနီးသို့ လက်နက်ကြီး

ဖြင့် ပစ်ခတ်သောကြောင့် ဘဏ်ဝန်ထမ်းများဖြစ်သည့် ဦးကျော်စွာထိုက် (ငွေကိုင်) ၏ ဇနီးဒေါ်အေးသန္တာ၊ အသက် (၂၅) နှစ်၊ သမီးဖြစ်သူမလဲ့လဲ့၊ အသက် (၄) နှစ်နှင့် ဦးသိန်းနိုင် (ညစောင့်) ၏ သားမောင်လှအေး၊ အသက် (၂၂) နှစ်တို့ သေဆုံးခဲ့သည်။ [Cincds] [DMG]

(၁၆) (၂၆.၀၄.၂၀) ရက်နေ့၊ ညနေ (၈) နာရီတွင် မင်းပြားမြို့မှ ဖုန်သာ ပုလဲတောင်ကျေးရွာသို့ စက်လှေဖြင့် လာသည့်ကျေးရွာသား (၁) ဦးအားလေးမြို့ မြစ်အတွင်းရှိ ရေယာဉ် (၁) စီးမှ ပစ်ခတ်လိုက်သောကြောင့် သေဆုံးသွားကြောင်း ဆွေမျိုးတော်စပ်သူမှ ပြောသည်။ [RFA]

(၁၇) (၂၉.၀၄.၂၀) ရက်နေ့တွင် မြောက်ဦးမြို့နယ်၊ သပြေကန်ကျေးရွာအုပ်စု၊ လိပ်ဆင်းပြင်ကျေးရွာမှ မောင်ဇော်ကြီးအသက် (၂၇) နှစ် (ဘ) ဦးမောင်လှသည် မြောက်ဦးမြို့သို့ ဆိုင်ကယ်ပြုပြင်ရန် သွားစဉ်နံနက် (၁၀) နာရီအချိန်မြို့အဝင် ငွေတောင်ပေါက် တံတားအနီး တပ်မတော်မှ ဖမ်းဆီး စစ်ဆေးခေါ်ဆောင် သွားခဲ့ပြီး (၃၀.၀၄.၂၀) ရက်နေ့၊ နံနက်တွင် မြောက်ဦးဆေးရုံတွင် အလောင်း ရောက်ရှိနေကြောင်း သတင်းကြားရသည့် အတွက် မိသားစုဝင်များမှ သွားရောက်ကာ အလောင်းအား ကျေးရွာသို့ ယူဆောင်ပြီး မနက်ဖြန်သဂြိုလ် မည်ဖြစ်သည်။ သေဆုံး သူရုပ်အလောင်းအား ဖွင့်ကြည့်ရာတွင် မမှတ်မိလောက်အောင် ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း ဒေသခံများမှ ပြောသည်။ [RFA]

(၁၈) (၂၉.၀၃.၂၀) ရက်နေ့ညနေ (၁၆း၃၀) နာရီခန့်တွင် ရသေ့တောင်မြို့နယ် ကုလားချောင်းရွာနှင့် မညင်းတောင်ကျေးရွာ အကြားတွင် မြေမြှုပ်မိုင်းနင်းမိ၍ ဒဏ်ရာရရှိခဲ့သူ ရွာသား (၃) ဦး အနက် အောင်ဇေယျ ကျေးရွာမှဦးဝေဖန်းဖြူ (၄၈) နှစ် (ဘ) ဦးညိုလှဦးမှာ (၀၈.၀၄.၂၀) ရက်နေ့ည (၁၇း၀၀) နာရီခန့်တွင် စစ်တွေဆေးရုံ၌ ဆေးကုသခံယူနေစဉ်သေဆုံးသွားခဲ့သည်။ [AASYC]

(၁၉) (၃၀.၀၄.၂၀) ရက်နေ့၊ မွန်းတည့် (၁၂) နာရီတွင်မောင်တော်မြို့နယ်၊ ဦးဒေါင်းကျေးရွာမှ ဦးအောင်ထွန်းသိန်း အသက် (၄၈) နှစ် (ဘ) ဦးလှသံသည် ကျေးရွာအနီးမျှစ်ချိုး သွားရာမှ မိုင်းနင်းမိသောကြောင့် သေဆုံးသွားခဲ့သည်။ [AASYC]

## ၂.၁.၄. ပစ္စည်းဥစ္စာများကို သိမ်းဆည်းခြင်းနှင့် ဖျက်ဆီးခြင်း

(၁) (၀၄.၀၄.၂၀) ရက်နေ့၊ ညနေ(၁၀) နာရီတွင်အမ်းမြို့နယ်၊ကစုကိုင်းဘက်မှ ပစ်ခတ်လိုက်သည့် လက်နက်ကြီးသည် ဒါးလက်အလယ်ကျွန်းရွာသို့ ကျရောက်သောကြောင့်နွား (၂) ကောင် သေဆုံးပြီး နေအိမ်တစ်ဆောင်နှင့် သီဟိုဠ်ခင်း မီးလောင်သွားကြောင်း၊ ထိုအချိန်တွင် တိုက်ပွဲဖြစ်ပွါးခြင်း မရှိဘဲ လက်နက်ကြီးကျည် (၆) လုံးကျရောက်ခဲ့ကြောင်း ဒါးလက်ချောင်း ကျေးရွာသားများမှပြောသည်။ [AASYC]

(၂) (၀၆.၀၄.၂၀) ရက်နေ့၊ ညနေ (၇) နာရီခွဲတွင် စစ်ရေးပဋိပက္ခ အကြား မင်းပြားမြို့နယ်၊ ဖါးပြုံကျေးရွာအား အစိုးရတပ်မတော်မှ မီးရှို့လိုက်သည့်အတွက် အိမ်ခြေ (၃၀) ခန့် မီးလောင်သွားကြောင်း ကျေးရွာသားတစ်ဦးက ပြောသည်။ [VOA]

(၃) (၀၇.၀၄.၂၀) ရက်နေ့ညနေ(၇) နာရီတွင်ပလက်ဝမြို့နယ်၊ လယ်လှကျေးရွာအုပ်စု၊ နန်းချောင်းဝကျေးရွာ၌ အစိုးရတပ်မတော်မှ လေယာဉ် (၂) စီးဖြင့် ပစ်ခတ်သောကြောင့် နေအိမ် (၈) ဆောင် မီးလောင်သွားခဲ့သည်။
ပလက်ဝတောင်ပိုင်းတွင် ပစ်ခတ်မှုများရှိနေပြီး ULA/AA အဖွဲ့ရှိနေသောကြောင့် တိုက်ပွဲများ ဖြစ်ပွါးနေကြောင်း၊ မရှိလျှင် တိုက်ပွဲဖြစ်မည် မဟုတ်သည့် အတွက် ULA/AA အဖွဲ့အား ပလက်ဝဒေသမှ အမြန်ထွက်ခွာ သွားစေချင်ကြောင်း ကျေးရွာသားများနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးစိုးထက်မှ ပြောသည်။ [VOA] [The Ladies News] [Chin world]

(၄) ပုဏ္ဏားကျွန်းမြို့ အနီးအစိုးရတပ်မတော်နှင့် ULA/AA တို့ တိုက်ပွဲဖြစ်ပွါးမှုများကြောင့် တပ်မတော်မှ လေကြောင်းပစ်ခတ်မှုများ ရှိကြောင်း၊ ပုဏ္ဏားကျွန်းမြို့နှင့် စစ်တွေမြို့နယ်တို့မှ ဂဏန်းမဲကျေးရွာ အနီးသို့လက်နက်ကြီးများ အဆက်အပြတ်ပစ်ခတ်နေသည်မှာ (၁) ပတ်ကျော်ရှိပြီး တောမီးလောင်၊ ကျွဲနွားပျက်စီးမှုများရှိကြောင်း (၁၂.၀၄.၂၀) ရက်နေ့တွင်ပုဏ္ဏားကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမောင်မှ ပြောသည်။
ထို့ပြင်ပေါက်တောပြင်၊ အဘောင်တော်၊ သာစည်နှင့် ဂဏန်းမဲကျေးရွာအနီးမှ တောင်ယာစိုက်ခင်းများ မီးလောင်ပျက်စီးခဲ့ရကြောင်း ကျေးရွာသားများမပြောသည်။ [DMG]

## ၂.၁.၅ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုကို ကန့်သတ်ခြင်း၊ ပိတ်ပင်တားဆီးခြင်း

(၁) (၃၁.၀၁.၂၀) ရက်နေ့တွင် ULA/AA အဖွဲ့သို့ ဆက်သွယ်သတင်း ဖော်ပြမှုဖြင့် ရခိုင်ပြည်နယ် အခြေစိုက်နိရဥ္စရာ သတင်းဌာန အယ်ဒီတာချုပ်အား ပြည်နယ် သတင်းတပ်ဖွဲ့ (SB) မှ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ- ၅၀ (က)/၅၂(က) ဖြင့်စစ်တွေ မြို့မရဲစခန်းတွင် အမှုဖွင့်ထားပြီး ညနေ (၅) နာရီတွင် သတင်းဌာနရုံးခန်းသို့ ရဲအရာရှိများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့မှ ရှာဖွေရန် လာရောက်ခဲ့ကြသည်။
ထို့နောက် သတင်းဌာနမှ အကြီးတန်း သတင်းထောက်သိန်းဖော်၊ သတင်းထောက် အောင်လင်းထွန်းနှင့်ထွန်းခိုင် (တောင်ရင်းကျွန်း) တို့ကို ရဲစခန်းသို့ ခေါ်ယူသွားပြီး စစ်တွေမြို့အမှတ် (၁) ရဲစခန်းတွင် (၆) နာရီခန့်ကြာ စစ်ဆေးကာညနေ (၁၁) နာရီ ခွဲတွင် ပြန်လွှတ်ပေးသော်လည်း ကွန်ပျူတာတစ်လုံးကို သိမ်းဆည်းထားသည်။
(၀၁.၀၄.၂၀) ရက်နေ့၊ ညနေတွင် သတင်းထောက် မချစ်အိလှိုင်အား ဖမ်းဆီးရန် ရဲတပ်ဖွဲ့၊သတင်းတပ်ဖွဲ့နှင့် အုပ်ချုပ်ရေးအဖွဲ့များသည် နေအိမ်သို့ ဝင်ရောက်ရှာ ဖွေခဲ့ကာ ရှာမတွေ့သောကြောင့် ပြန်ထွက်သွားကြောင်း မိသားစုများမှ ပြောကြား သည်။
၂၀၁၉ ခုနှစ်၊ မေလက Development Media Group (DMG) အယ်ဒီတာချုပ် ဦးအောင်မင်းဦးနှင့် တာဝန်ရှိသူများအား သတင်းတပ်ဖွဲ့ (SB) မှ မတရားအသင်း ဆက်သွယ်မှု ဥပဒေပုဒ်မ ၁၇ (၂) ဖြင့် အမှုဖွင့်ထားသည်။ [DMG][RFA]

(၂) (၃၀.၀၃.၂၀) ရက်နေ့တွင်မွန္တလေးအခြေစိုက် Voice Of Myanmar (VOM) သတင်းဌာန အယ်ဒီတာချုပ် ဦးနေမျိုးလင်းအား အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ် မ၅၀ (က)၊ ၅၂ (က) တို့ဖြင့် မှခင်းသတင်း တပ်ဖွဲ့မှအမှုဖွင့်ခဲ့သည်။
ထို့နောက် (၃၁.၀၃.၂၀) ရက်နေ့၊ ည (၁၀) နာရီခွဲအချိန်တွင် ရန်ကုန်ခေတ်သစ် မီဒီယာ အယ်ဒီတာချုပ် သာလွန်ဇောင်းထက်၏ နေအိမ်သို့ ရဲနှင့် CID တို့မှ လာ ရောက် စစ်ဆေးခဲ့ကြောင်း မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ (၀၁.၀၄.၂၀) ရက်နေ့တွင် သတင်းထုတ်ပြန်ထားသည်။ [DMG]

(၃) အစိုးရတပ်မတော်နှင့် ULA/AA တို့တိုက်ပွဲတွေဖြစ်ပွါးနေသည့် ရခိုင်ပြည်အတွင်း မှ မြို့နယ် (၈) မြို့နယ်နှင့် ပလက်ဝမြို့နယ်တို့တွင် အင်တာနက် ဖြတ်တောက် ခံထားရသည်မှာ ယခု(၁၀) လခန့်အထိကြာမြင့်လာပြီဖြစ်သည်။ [DMG]

(၄) အစိုးရမှ တိုင်းရင်းသား သတင်းမီဒီယာများ၏ ဝက်ဘ်ဆိုဒ် စာမျက်နှာများအား ပိတ်ထားသည့်အတွက် ပြန်ဖွင့်ပေးရန် ဒစ်ဂျစ်တယ်အခွင့်အရေး ဆောင်ရွက် နေသည့် အဖွဲ့အစည်းနှင့် အခြားအဖွဲ့အစည်း (၂၆၄) ဖွဲ့မှ (၁၃.၀၄.၂၀) ရက်နေ့တွင် တောင်းဆိုလိုက်သည်။ ယခုကဲ့သို့ ပိတ်ထားခြင်းမှာ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများဖြင့် မည်သို့ ကိုက်ညီမှုရှိသည်ကို အများပြည်သူ သိရှိနိုင်အောင် ထုတ် ပြန် ပေးရန်နှင့် အင်တာနက် ဖြတ်တောက်ခံထားရသည့် မြို့နယ် (၉) မြို့နယ်တွင် အင်တာနက် ပြန်ဖွင့်ပေးရန်လည်း တောင်းဆိုထားသည်။
ဆက်သွယ်ရေး ဥပဒေပါပုဒ်မ၇၇၊၇၈နှင့်ကျန်သည့် ဥပဒေပုဒ်မများကို လူ့အခွင့် အရေး စံချိန်စံညွှန်းနှင့်အညီ ပြန်လည်သုံးသပ် ပြင်ဆင်ဖို့ တောင်းဆိုထားပြီး ယခု ထုတ်ပြန်ချက်ပါ အချက်များအား အစိုးရအား တင်ပြနိုင်ရန်နှင့် တောင်းဆိုနိုင်ရန် အတွက် ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားထားသည်။ [DMG]

## ၂.၁.၆ လွတ်လပ်စွာသွားလာခြင်းကိုပိတ်ပင်ခြင်း

(၁) (၀၄.၀၄.၂၀) ရက်နေ့တွင် ကျောက်တော်မြို့နယ်၊ ညောင်ချောင်း စစ်ဘေးရှောင် စခန်းအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ရုံးမှပေးအပ်သည့် ထောက်ပံ့ပစ္စည်းများအား ထုတ်ယူပြီးပြန်လာသည့် ကျေးရွာစာရေးအပါအဝင် စစ်ဘေးရှောင် (၁၅) ဦးတို့ သည် ကျောက်တော်မြို့ စကခ (၉) ဂိတ်ရှေ့တွင် တပ်မတော်သားများ၏ စစ်ဆေး မှုခံရသည်။
စစ်ဆေးနေသည့် အချိန်မှစပြီး အဆက်အသွယ် မရသည့်အတွက် မိသားစုများမှာ စိုးရိမ်ကာ ကျန်မာရေး ထိခိုက်သူများလည်း ရှိနေပြီး စစ်ဘေးရှောင်များအတွက် သယ်လာသည့် ဆန်များလည်း မရောက်ရှိသေးသောကြောင့် စစ်ဘေးရှောင်များမှာ အခက်အခဲ ရှိနေကြောင်း ဦးဦးထွန်းဝင်းမှ ပြောသည်။ [DMG][RFA][Cincds]

(၂) (၁၁.၀၄.၂၀) ရက်နေ့၊ (၁၂) နာရီတွင်ပုဏ္ဏားကျွန်း မြို့နယ် လက်ဂဲစာတိုက် ကျေးရွာရှိ စစ်ဘေးရှောင် (၁၀၀၀) ကျော်အား COVID-19 ပညာပေး ဆောင်ရွက် ရန် သွားသည့် ကျန်းမာရေး စောင့်ရှောက်ဂန်ဆောင်မှု လူငယ်ဖွံ့ဖြိုးရေးအသင်း (PDY) အဖွဲ့နှင့် သဘာဂနဒီ အရှင်ပညာဇောတတို့သည် ရွာထဲသို့အရောက်တွင် အစိုးရစစ်တပ်မှ တားဆီးကာ ဖုန်းနှင့်ကားသော့များကို သိမ်းဆည်းခဲ့ပြီး ညနေ ရောက်မှ လက်ဝဲစာတိုက် ဘုန်းတော်ကြီးကျောင်းသို့ သွားခွင့်ပြုလိုက်သည်။ [VOA]

(၃) (၁၂.၀၃.၂၀) ရက်နေ့၊ ညနေ (၈) နာရီတွင် အမ်းမြို့နယ်၊ ဒါးလက်အုပ်စု၊ အလယ် ကျွန်းကျေးရွာသို့ လက်နက်ကြီး ကျရောက်ပေါက်ကွဲသောကြောင့် ကျေးရွာသား

(၃) ဦး ဒဏ်ရာရရှိသဖြင့် ဂြိတ်ချောင်းသို့ စက်လှေဖြင့် ယူဆောင်ပြီး စစ်တွေဆေးရုံသို့သွားစဉ် ဒါးလက်ချောင်း အသွားအလာစစ်ဆေးနေသည့် တပ်မတော်သားများမှ သွားခွင့်မပြုသောကြောင့် ပြန်လှည့်လာခဲ့ရကြောင်း အမည်မဖော်လိုသူ ကျေးရွာသား (၁) ဦးမှပြောသည်။ [DMG]

## ၂.၁.၇ လိုင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု

(၁) (၀၆.၀၄.၂၀) ရက်နေ့၊ နေ့လည်တွင် ကျောက်တော်မြို့နယ် နယ်မြေခံတပ်ဌာနချုပ်မှ လမ်းမတော်ကွေ့နေရာ၌ ULA/AA ၏ လှုပ်ရှားမှုများ၊ ယာဉ်ဝင်/ထွက်မှုများနှင့်မြို့လုံခြုံရေးအား စစ်ဆေးဆောင်ရွက်လျက် ရှိစဉ်လုံခြုံရေး တာဝန် ထမ်းဆောင်နေသော တပ်သားအောင်ကျော်သိန်းမှ ကားမှန်ချထားသည့် ပြတင်းပေါင်ပေါ်သို့လက်တင်ပြီး ဒေါက်တာ စောမင်းအောင်၏ ဇနီးဖြစ်သူအား အစ်မကြီးကိုထားခဲ့စေချင်ကြောင်းနှင့် အစ်မကြီးကြည့်ရသည်မှာ ကျန်ခဲ့ချင်သည့် ပုံပေါက်သည်ဟု ပြောကြားခဲ့သောကြောင့် စစ်စည်းကမ်းအရ အရေးယူသွားမည်ဖြစ်ကြောင်း (၀၇.၀၄.၂၀) ရက်နေ့တွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ သတင်း ထုတ်ပြန်သည်။ [DMG]

# ၂.၂. စစ်ဘေးရှောင်သတင်းများ

## ၂.၂.၁. စစ်ဘေးရှောင်ဦးရေအတိုးအလျော့ (စစ်ဘေးရှောင်ဦးရေနှင့်စခန်း အတိုးအလျော့)

(၁) (၀၃.၀၄.၂၀) ရက်နေ့၊ နံနက်တွင် ပုဏ္ဏားကျွန်းမြို့နယ်၊ လက်ဝဲစာတိုက်အနီး အစိုးရ စစ်တပ်မှ ကျေးရွာအနီး ပခတ်မှုများကြောင့်ကျေးရွာအတွင်း နေထိုင်သူများသည် ပုဏ္ဏားကျွန်းမြို့ပေါ်သို့ ထွက်ပြေး တိမ်းရှောင်နေရသည်။
(၀၉.၀၄.၂၀) နေ့အထိ အစိုးရစစ်တပ်မှ သွားလာခွင့် ပိတ်ပင်ထားသောကြောင့် လက်ဝဲစာတိုက် ဘုန်းတော်ကြီးကျောင်းတွင် စစ်ဘေးရှောင် (၁၀၀၀) ကျော်၊ အိမ်ထောင်စု (၂၇၀) ခန့်ရှိနေပြီး သောက်သုံးရေနှင့် ရိက္ခာများ လိုအပ်နေသည်။ [AASYC]

(၂) (၂၈.၀၃.၂၀) ရက်နေ့တွင် ပုဏ္ဏားကျွန်းမြို့နယ် ပေါက်တောပြင် ကျေးရွာအနီး၌ အစိုးရတပ်မတော်နှင့် ULA/AA တို့တိုက်ပွဲဖြစ်ပွါးသောကြောင့် ကျေးရွာသားများမှာ

စေတီပြင်၊ ကန်ချောင်း၊ ကျောက်ပြင်ဆိပ် စသည့်ကျေးရွာများသို့ ထွက်ပြေးနေကြပြီး နီးစပ်ရာဆွေမျိုး နေအိမ်များတွင်ခိုလှုံနေကြသည်။
တိုက်ပွဲကြောင့် ယခုရက်ပိုင်းအတွင်း ပုဏ္ဏားကျွန်းမြို့နယ်တွင် စစ်ဘေးရှောင်ဦးရေ (၂၀၀၀) ကျော်တိုးလာကြောင်း ကူညီကယ်ဆယ်ရေး ပြုလုပ်နေသူများမှ ပြောကြားသည်။ [DMG]

(၃) (၁၅.၀၂.၂၀) ရက်နေ့မှစပြီးပလက်ဝမြို့နယ် မီးဝဗျူဟာကုန်း ပတ်ဝန်းကျင်တွင် အစိုးရ တပ်မတော်နှင့် ULA/AA တို့တိုက်ပွဲများ ဖြစ်ပွါးခဲ့သောကြောင့်ဒေသခံများသည် နေရပ်ကိုစွန့်ခွါ ထွက်ပြေးတိမ်းရှောင်နေရသည်။ [DMG]

(၄) ရခိုင်ပြည်တွင် အစိုးရတပ်မတော်နှင့် ULA/AA တို့ စစ်ရေး ပဋိပက္ခကြောင့် စစ်ဘေးရှောင် ဦးရေ (၁၅၇၂၉၁) ဦး အထိရှိလာကြောင်း ရခိုင်တိုင်းရင်းသားမျိုးနွယ်များအစည်းအရုံး (REC) က (၃၁.၀၃.၂၀) ရက်နေ့တွင် ထုတ်ပြန်သည်။
မတ်လအတွင်း တိုက်ပွဲများ ဆက်တိုက် ပြင်းပြင်းထန်ထန် ဖြစ်ပွားခဲ့ပြီး မြို့နယ်အချို့တွင် ပိတ်သိမ်းသွားသော စခန်းအနည်းငယ်ရှိသော်လည်း စစ်တွေအပါအဝင် ကျောက်တော်၊ ရသေ့တောင် စသည့်မြို့နယ်များတွင် စစ်ဘေးရှောင် စခန်းသစ်များ တိုးလာနေသည်။ [DMG] [RFA ]

(၅) ၂၀၂၀ခုနှစ်၊ မတ်လတွင်အစိုးရတပ်မတော်နှင့် ULA/AA တို့ စစ်ရေးပဋိပက္ခကာလအတွင်း မင်းပြားမြို့နယ်၊ ဖါးပြိုကျေးရွာသားများသည် နေရပ်က နေစွန့်ခွာပြီး သေကန်တွင် (၇၀၀) ကျော်နှင့် နရမ်းကယ်ဆယ်ရေးစခန်း၌ (၄၀၀) နီးပါးခန့် ခိုလှုံနေကြရကြောင်း ဖါးပြိုကျေးရွာသားများက ပြောသည်။ [VOA]

(၆) (၀၇.၀၄.၂၀) ရက်နေ့၊ ညနေတွင် ပလက်ဝမြို့အနီး၌ အစိုးရ တပ်မတော်နှင့် ULA/AA တို့ အပြန်အလှန် ပစ်ခတ်နေမှုကြောင့် ပလက်ဝအနီးဝန်းကျင်ရှိကျေးရွာ (၄) ရွာမှဒေသခံ (၅၀၀) ခန့်သည်ပလက်ဝမြို့ ပေါ်သို့ ထွက်ပြေးလာကြကြောင်း ပလက်ဝဒေသခံ များမှပြောသည်။ ထွက်ပြေးသူများမှာ အနည်းနှင့်အများသာကွာခြားပြီး နေ့တိုင်း ထွက်ပြေးသူများ ရှိနေသည်။ [Chin World]

(၇) (၀၈.၀၄.၂၀) ရက်နေ့၊ ညနေ (၇) နာရီကျော်တွင် အမ်းမြို့နယ်၊ ကဇုကိုင်း ကျေးရွာအုပ်စု ဆင်ဦးတိုက်ရွာသို့ လက်နက်ကြီးများ ကျရောက်သောကြောင့် ကျေးရွာသားများသည် ကမ်းထောင်းကြီးမြို့နှင့် နီးစပ်ရာ ဆွေမျိုးများအိမ်သို့ ဝင်ရောက်ခိုလှုံနေကြသည်။
ဆင်ဦးတိုက်ကျေးရွာတွင် အိမ်ခြေ (၁၆၀) ကျော်၊လူဦးရေ (၆၀၀) ကျော်ရှိပြီး ရွာအနီး တိုက်ပွဲဖြစ်ပွါးမှုမရှိဘဲ ကဇုကိုင်းကျေးရွာ အနောက်ဘက်တွင် တပ်စွဲ

ထားသည့် တပ်မတော်စစ်ကြောင်းမှ ပစ်ခတ်ခြင်းဖြစ်ကြောင်း ကျေးရွာသားများမှ ပြောသည်။ [Irrawaddy]

(၈) အစိုးရတပ်မတော်နှင့် ULA/AA တို့တိုက်ပွဲများကြောင့် ပလက်ဝမြို့နယ်၊ စိမ်းညင်းဝ ကျေးရွာသားများသည် (၁၅.၀၄.၂၀) ရက်နေ့မှ (၁၇.၀၄.၂၀) ရက်နေ့ထိ စစ်တွေမြို့သို့ ထွက်ပြေးလာပြီး သရက်အုပ်ဘုန်းတော်ကြီးကျောင်း၌ ခိုလှုံနေကြသည်။ [DMG]

(၉) မတ်လလယ်မှစပြီ (၇) ရက်နေ့ထိ အစိုးရတပ်မတော်နှင့် ULA/AA တို့တိုက်ပွဲ အတွင်း ပလက်ဝဒေသခံကျေးရွာသား (၂၈) ဦးသေဆုံးပြီး (၃၀) ကျော် ဒဏ်ရာရရှိခဲ့သည်။ လက်ရှိအချိန်တွင်ပလက်ဝမြို့ပေါ်သို့စစ်ဘေးရှောင် (၃၅၀၀) ကျော်ရောက်ရှိနေသည်။ [The Ladies News ] တိမ်းရှောင်နေရသည်။ [DMG]

(၁၀) ပလက်ဝမြို့နယ်ရှိ အစိုးရတပ်မတော်နှင့် ULA/AA တိုက်ပွဲများကြောင့် (၁၉.၀၄.၂၀) ရက်နေ့တွင် စိမ်းစင်းရွာ၊ ငပွီရွာ၊ သကျော်ဝရွာ၊ နမ်းချောင်းထဲရွာ၊ သူဌေးကုန်းရွာ၊ သရက်တောင်ရွာ၊ နမ်းချောင်းဝရွာ၊ မီးလက်ဝရွာတို့မှ အိမ်ထောင်စု (၂၂၁) စု၊ စုစုပါင်း လူဦးရေ (၉၁၆) ဦး ပလက်ဝမြို့ပေါ်သို့ ထွက်ပြေး တိမ်းရှောင်လာပြီး လက်ရှိအချိန်ထိ ပလက်ဝမြို့ပေါ်တွင် စစ်ဘေးရှောင်ဒုက္ခသည် စုစုပေါင်း (၂၉၀၂) ဦး ရှိသည်။ [Irrawaddy]

(၁၁) ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလမှ စပြီ (၁၂) ရက်နေ့ထိ ပလက်ဝမြို့နယ်တွင် စစ်ဘေးရှောင် အိမ်ထောင်စု (၈၄၀)၊ လူဦးရေ (၃၆၅၇) ဦး၊ ဆမီးတွင် အိမ်ထောင်စု (၆၇၆)၊ လူဦးရေ (၂၈၄၁) ဦးရှိနေပြီး၊ တိုက်ပွဲကြောင့် သေဆုံးသူ (၂၈) ဦး ရှိပြီဖြစ်ကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ထံမှ သိရသည်။ [Irrawaddy]

(၁၂) (၂၆.၀၄.၂၀) ရက်နေ့နံနက် (၁၀) နာရီတွင် ဘူးသီးတောင်မြို့နယ်၊ ကံ့ကော်မြိုင် ကျေးရွာအနောက်ဘက်၌ အစိုးရတပ်မတော်နှင့် ULA/AA တို့တိုက်ပွဲဖြစ်ပွါးနေရာမှ လက်နက်ကြီး၊ လက်နက်ငယ်များ ကျရောက်သောကြောင့် အိမ်ခြေ (၁၂၀) ကျော် ရှိသည့် ကံကော်မြိုင် ကျေးရွာသား (၄၀၀) ကျော်သည် နီးစပ်ရာ ကျေးရွာများသို့ ထွက်ပြေးခိုလှုံနေရကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိန်ကျော်ဝင်းမှ ပြောသည်။ [DMG][Irrawaddy]

## ၂.၂.၂. စစ်ဘေးရှောင်များ၏ စားဝတ်နေရေး

(၁) ပလက်ဝမြို့နယ်တွင် အစိုးရတပ်နှင့် ULA/AAတို့ တိုက်ပွဲဖြစ်ပွါးသောကြောင့် ကုန်စျေးနှုန်းများ ပိုမိုမြင့်တက်နေကြောင်း၊ ပေါ်ဆန်းမွှေးတစ်အိတ်လျှင် (၃၀၀၀၀) ကျပ်မှ (၁၁၅၀၀၀) ကျပ် အထိစျေးနှုန်းမြင့်တက်နေပြီး ကျောက်တော်ဘက်မှ လွတ်လပ်စွာ သယ်ယူခွင့်မရသဖြင့် ထိုသို့မြင့်တက်သွားသည့် သဘောမျိုးဖြစ်ကြောင်း (၀၂.၀၃.၂၀) ရက်နေ့တွင် ပလက်ဝမြို့နယ် စားနပ်ရိက္ခာသယ်ယူရေးကော်မတီ ဥက္ကဋ္ဌ ဦးစိန်ထွန်းလှမှ ပြောသည်။ [DMG]

(၂) ကျောက်တော်မြို့နယ်တွင် မတ်လအတွင်း ဒုက္ခသည် (၁၀၀၀၀) ကျော် တိုးလာကာ ဖေဖော်ဝါရီလထက် (၃၀၀၀၀) ကျော် တိုးလာပြီး ကိုရိုနာဗိုင်းရပ်စ်ကြောင့် နိုင်ငံတကာ NGO များ၏ ထောက်ပံ့မှုလည်း နှောင့်နှေးနေသဖြင့် ဒုက္ခရောက်နေရကြောင်းကို ကိုဇော်ဇော်ထွန်းမှ လည်းကောင်း၊ ထပ်တိုးလာသည့် ဒုက္ခသည်များအတွက် ရိက္ခာ ထောက်ပံ့ပေးရန် နိုင်ငံတကာ ကြက်ခြေနီအဖွဲ့နှင့်ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့တို့အား ကမ်းလှမ်းထားကြောင်း မြောက်ဦးမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းသာစိန်မှ လည်းပြောသည်။ [RFA]

(၃) ရခိုင်ပြည်တွင် အစိုးရတပ်နှင့် ULA/AA တို့ အကြား တိုက်ပွဲကြောင့်စစ်ဘေးရှောင် (၁၅၀၀၀၀) ကျော်ရှိနေပြီး လက်ရှိ စစ်ဘေးရှောင်စခန်းတချို့တွင် အမိုးအကာများ ပျက်စီးနေသဖြင့် အချိန်အခါမဟုတ် မိုးရွာလျှင် စစ်ဘေးရှောင်များ အခက်အခဲနှင့် ကြုံတွေ့နိုင်ကြောင်း မြောက်ဦးမြို့နယ် တိမ်ညို စစ်ဘေးရှောင် စခန်းတာဝန်ခံ ဦးဝေလှအောင်မှ ပြောသည်။ [DMG ]

(၄) ကျောက်တော်မြို့နယ်၊ ညောင်ချောင်းစစ်ဘေးရှောင်စခန်းတွင် မတ်လမှစတင်ကာ စစ်ဘေးရှောင်များလာပြီး ယခုစစ်ဘေးရှောင် (၂၂၆၀) ကျော်အတွက် စားနပ်ရိက္ခာ အပါအဝင် ရေနှင့်အခြားအသုံးအဆောင် ပစ္စည်းများ လိုအပ်နေကြောင်း ညောင်ချောင်း စစ်ဘေးရှောင်စခန်းတာဝန်ခံဦးခိုင်မျိုးအောင်မှပြောကြားသည်။
စစ်ဘေးရှောင်များ မရှိချိန်တွင်လည်း ကျေးရွာ၌ နှစ်စဉ်ဧပြီလနှင့် မေလများတွင် ရေပြတ်လပ်မှုရှိပြီး ယခု စစ်ဘေးရှောင်များ များလာသောကြောင့် ရေအခက်အခဲဖြစ်နေကြောင်း၊ စားဝတ်၊ နေရေးတွင်လည်း လက်ရှိတွင် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများ၊ လူမှုအဖွဲ့အစည်းများမှ ထောက်ပံ့ပေးမှုများ ရှိသော်လည်း လူဦးရေများသောကြောင့် စားဝတ်နေရေး ဖူလုံမှုမရှိဖြစ်နေပြီး ၎င်းစခန်းတွင် တင်းမကျေးရွာ၊ ပြိုင်တိုင်းကျေးရွာ၊ မျောက်တောင်ကျေးရွာနှင့် သာစည်ကျေးရွာ

အပါဝင် ကျေးရွာ (၁၄) ရွာမှ ဒေသခံများ စစ်ဘေးရှောင်ရန် လာရောက်နေကြခြင်း ဖြစ်သည်။ [DMG]

(၅) ပုံမှန်ဝင်ငွေ မရှိသော အခြေခံ လူတန်းစားများအတွက် ထောက်ပံ့ကူညီမှု (၅) မျိုးစီကို ဧပြီလ (၁၀) ရက်နေ့မှစ၍ ထောက်ပံ့ ပေးမည်ဖြစ်ကြောင်း (၀၆.၀၄.၂၀) ရက်နေ့တွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီက သတင်းထုတ်ပြန်လိုက်ပြီးနောက် အခြေခံလူတန်းစားဆိုသည်မှာ မိမိအနေဖြင့် စစ်ဘေးရှောင်စခန်းတွင် ရှိနေသည့် ပြည်သူလူထုလည်း အခြေခံ လူတန်းစားထဲမှာ ပါသင့်ပြီး အစိုးရဖက်မှ စစ်ဘေးရှောင်စခန်းတွင် နေထိုင်သည့် ပြည်သူလူထုအား ထောက်ပံ့ပေးမည်ဆိုလျှင် မိမိတို့ဘက်မှ ကူညီရန်အသင့်ရှိကြောင်း ရခိုင် တိုင်းရင်းသား မျိုးနွယ်များအစည်းအရုံး (REC) အတွင်းရေးမှူး ကိုဇော်ဇော်ထွန်းမှ ပြောသည်။
ဝလက်ဖောင်းဒေးရှင်း ဒါရိုက်တာ ဦးခိုင်ကောင်းစံကလည်း ရခိုင်ပြည်တွင် လက်ရှိ အရေးပေါ် ကူညီပေးရမည်မှာ စစ်ဘေးရှောင်များ ဖြစ်နေသောကြောင့် ၎င်းတို့ အတွက်လည်း ထည့်သွင်းစဉ်းစားသင့်ကြောင်း အကြံပြုသည်။ [DMG]

(၆) ရသေ့တောင်မြို့ပေါ်၌ စစ်ဘေးဒုက္ခသည် (၈၇၀၀) ကျော်ရှိရာတွင် အများစုသည် စစ်ဘေးခိုလှုံရာ ဘုန်းကြီးကျောင်းဝင်းထဲတွင် နေစရာမဆောက်နိုင်သည့်အတွက် မြေပြင်ပေါ်မှာ စက္ကူခင်း၊ မိုးကာကာပြီး နေထိုင်နေကြရသည်။

စစ်ဘေးဒုက္ခသည်များ နေထိုင်ရန် ရသေ့တောင်မြို့ပေါ်ရှိ မြေ (၅) ဧက ခန့်တွင် တန်းလျားများကို အုပ်ချုပ်ရေးအဖွဲ့များ၊ အရပ်ဖက်အဖွဲ့များနှင့် ကိုယ်စားလှယ်များ ပူးပေါင်း လုပ်ဆောင်နေပြီး နေထိုင်မည့် စစ်ဘေးဒုက္ခသည်စာရင်းများ လိုက်လံ ကောက်ခံနေကြောင်း၊ သင်္ကြန်အပြီးတွင် ဆောက်မှာဖြစ်ကြောင်း ရသေ့တောင် မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်စောဝေမှပြောသည်။
ရသေ့တောင်မြို့နယ်ထဲရှိ စစ်ဘေးဒုက္ခသည်များ နေထိုင်ရေးအတွက် ရွာသစ်ကေ နှင့် သောင်းဒရားကျေးရွာတွင် အစိုးရမှစစ်ရှောင်စခန်းများ တည်ဆောက် ပေးထား သော်လည်းစခန်းများမှာ မြို့နဲ့အလှမ်းကွာဝေးသည့်အတွက် လမ်းပန်းဆက်သွယ် ရေး ခက်ခဲပြီး လမ်းကြောင်း၌ တိုက်ပွဲ အချိန်မရွေး ဖြစ်နိုင်သည့်အတွက် ဒေသခံ များ သွားမနေကြခြင်းဖြစ်သည်။ [RFA]

(၇) (၀၉.၀၄.၂၀) ရက်နေ့တွင် သာစည်၊ လက်ဝဲစာတိုက်၊ ဖက်ကျ၊ သဲဖြူချောင်း၊ ကမ်းထောင်းကြီး၊ နတ်တောင်၊ ဒိုးတန်းနှင့်ကြာညိုကန် ကျေးရွာများမှ စစ်ဘေး ရှောင်ဦးရေ (၅၀၀) ကျော်သည်အစိုးရမှ ဆောက်လုပ်ပေးထားသည့် ပုဏ္ဏားကျွန်း

မြို့နယ်၊ ဒုက္ခသည်စခန်း၌ လာရောက်နေထိုင်နေပြီး စားဝတ်နေရေး အခက်အခဲရှိကြောင်း စခန်းတာဝန်ရှိသူမှ ပြောကြားသည်။
၂၀၁၉ ခုနှစ်၊ ဧပြီလတွင် ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ မြောက်ဦး၊ မင်းပြား၊ ဘူးသီးတောင်နှင့်ကျောက်တော်မြို့နယ်များတွင် ယာယီစစ်ဘေးရှောင်စခန်း (၇) ခုအား အစိုးရမှ ဆောက်ပေးထားခြင်း ဖြစ်သည်။ [DMG]

(၈) (၁၉.၀၄.၂၀) ရက်နေ့တွင် ပလက်ဝမြို့သို့ ဆန်အိတ် (၈၀၀) ကျော် ရောက်ရှိခဲ့ပြီး ဆန်အိတ် (၈၃၀) ထဲတွင် ပြည်ထောင်စုအစိုးရမှ ပလက်ဝမြို့ရှိ လက်လုပ် လက်စားများအား သင်္ကြန်ကာလအတွက် ခွဲတမ်းကျပေးသည့် ဆန်များလည်း ပါကြောင်း ဝန်ကြီး ဦးစိုးထက်မှ ပြောသည်။
စစ်တွေမြို့တွင် ပြည်ထောင်စုအစိုးရအဖွဲ့၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနမှ ပလက်ဝမြို့နယ်အတွက် (၃) လစာ ထောက်ပံ့ ပေးထားသည့် ဆန်အိတ် (၆၀၀၀) ခန့်နှင့် ဆမီးမြို့တွင် အလှူရှင်များ လှူဒါန်းထားသည့် ဆန်အိတ် (၃၃၀၀) ခန့်ရှိပြီး (၃) လစာအတွက် ဆက်လက် ထောက်ပံ့ရန် စီစဉ်ထားကြောင်း အစိုးရနှင့် ဗိုလ်မှူးချုပ် ဇော်မင်းထွန်းမှ ပြောသည်။ [RFA] [VOA]

(၉) ပုဏ္ဏားကျွန်းမြို့နယ်၊ စေတီပြင်ကျေးရွာ စစ်ဘေးရှောင်စခန်းတွင် ရှိသည့် စစ်ဘေးရှောင် (၁၀၀၀) ကျော်သည် သုံးစွဲရန် ရေကို စခန်းနှင့် (၂) မိုင် ဝေးသည့် ကျေးရွာများရှိ ရေတွင်းများနှင့်ကားလမ်းဘေးရှိ ရေကန်များမှ ခပ်ယူသုံးစွဲနေရပြီး (၁) ရက်လျှင် အိမ်ထောင်စုတစုသည် ရေ (၂) ဖူးသာ ရရှိကြောင်း၊ ရေအခက်အခဲအပြင် တခြား လူသုံးကုန်ပစ္စည်းများနှင့် ဆေးဝါးများလည်း လိုအပ်နေကြောင်း စခန်းတာဝန်ခံ ဦးသုဝဏ္ဏစက္က (ကိုယ်တော်နင်းပါး) မှ မိန့်သည်။ [DMG]

(၁၀) ကျောက်တော်မြို့ပေါ်ရှိ စာသင်ကျောင်းများတွင် ခိုလှုံနေကြသည့် စစ်ဘေးရှောင်များအတွက် ဖွင့်လကျောင်းများ ပြန်ဖွင့်လျှင် နေထိုင်ရေး အခက်အခဲ ဖြစ်လာနိုင်ပြီးၶင်းတို့အား မြို့ပေါ်ရပ်ကွက်များရှိ စစ်ဘေးရှောင်စခန်းများတွင် ပြောင်းရွှေ့ နေရာချထားပေးရန်လည်း အခက်အခဲရှိကြောင်း ကျောက်တော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းဝင်းမှ ပြောသည်။
အ.ထ.က ကျောက်တော် စာသင်ကျောင်းတွင် (၁၃၀၀) ကျော်၊ အ.ထ.ကမြို့မတွင် (၁၁၀၀) ကျော်၊ ပိုက်သည် မူလွန်ကျောင်းတွင် (၁၀၀) ကျော်၊ အ.ထ.က ခွဲ ရှမ်းရွာတွင် (၁၀၀) ကျော်၊ အ.မ.က (၁) မြို့သစ်တွင် (၁၃၀ ) ခန့်၊ အ.မ.က (၃) မြို့သစ်တွင် (၁၈၀) ကျော် စုစုပေါင်း စစ်ဘေးဒုက္ခသည် (၃၀၀၀) ခန့်ခိုလှုံ နေကြခြင်းဖြစ်သည်။ [DMG]

(၁၁) ရခိုင်ပြည်၊ မြောက်ပိုင်းမြို့နယ်များတွင် အစိုးရ ခွင့်ပြုချက်မရရှိဘဲ စစ်ဘေးရှောင်စခန်းများ မဆောက်လုပ်ရန် ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ (၂၉.၀၄.၂၀) ရက်နေ့စွဲဖြင့် အမိန့်ထုတ်ပြန်လိုက်ပြီး အမိန့်ညွှန်ကြားချက်တွင် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုကိုယ်စား လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသန်းမှ လက်မှတ်ထိုး၍ စစ်တွေခရိုင် စီမံခန့်ခွဲရေး ကော်မတီထံသို့ လိပ်မူညွှန်ကြားထားသည်။
ရခိုင်ပြည်နယ် အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ စည်ပင်ဝန်ကြီး ဦးဝင်းမြင့်မှလည်း ဆောက်လုပ်မည်ဆိုပါက ဆောက်လုပ်မည့် နေရာနှင့်တကွ အစိုးရထံ တင်ပြရန်လိုအပ်ပြီး လုံခြုံရေး အခြေအနေရ ခွင့်ပြုပေးနိုင်သည့် နေရာဆိုလျှင် ခွင့်ပြုပေးမည်ဖြစ်ကြောင်းပြောသည်။ [Khit Thit Media] [Irrawaddy]

(၁၂) အစိုးရတပ်မတော်နှင့် ULA/AA တိုက်ပွဲများကြောင့် စည့်ငး၊ ဟင်းခရော်နှင့် အင်ကြင်း ကျေးရွာများမှဒေသခံ (၄၀၀) ကျော်ခိုလှုံနေသည့် မြေပုံမြို့နယ်၊ စည့်ငးစစ်ဘေးရှောင် စခန်းတွင်ဆန်ရိက္ခာ (၅) ရက်အတွက်သာ ကျန်ရှိပြီး ကူညီထောက်ပံ့ ရေးအဖွဲ့အစည်းများ မရောက်သောကြောင့် ရိက္ခာပြတ်မည် ဖြစ်ကြောင်း စခန်းတာဝန်ခံအရှင် အာရက္ခမှ မိန့်ကြားသည်။
ကူညီထောက်ပံ့ရန် လာသည့် လူမှုကူညီရေး အသင်းများနှင့်အရပ်ဖက် အဖွဲ့အစည်း များအား အစိုးရတပ်မတော်မှ တားဆီးမှုများ ရှိသောကြောင့် လာရောက် ကူညီထောက်ပံ့ပေးမှု နည်းကြောင်း ပြောသည်။ [DMG]

(၁၃) ဆမီးနှင့်ပလက်ဝ ဆက်သွယ်ထားသည့် ကားလမ်းလုံခြုံရေးအတွက် အစိုးရတပ်မတော်မှ ဆောင်ရွက်နေပြီး တပ်မတော်ယာဉ်များဖြင့် ပလက်ဝမြို့သို့ ဆန်အိတ် (၂၀၀၀) ပေးပို့ရန်စီစဉ်နေကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစိုးထက်မှ ပြောသည်။ [The Ladies News]

## ၂.၂.၃. စစ်ဘေးရှောင်များ၏ကျန်းမာရေး

(၁) ရခိုင်ပြည်အတွင်းရှိ စစ်ဘေးဒုက္ခသည် စခန်းတချို့တွင် ရေရှားပါးမှု ပြဿနာဖြင့် ကြုံတွေ့နေရသောကြောင့် လက်ရှိဖြစ်ပွားနေသည့် Covid–19 ရောဂါအား ကာကွယ် နိုင်ရန်အတွက် အခက်အခဲများ ဖြစ်ပေါ်နေကြောင်း စစ်ဘေးရှောင်စခန်း တာဝန်ရှိသူများမှ ပြောကြားသည်။ [DMG]

(၂) (၁၁.၀၄.၂၀) ရက်နေ့တွင် ရခိုင်ပြည်ရှိ အကူအညီလိုအပ်နေသည့် ထိခိုက်နစ်နာသူများနှင့်နေရပ်စွန့်ခွာသူများအား COVID-19 ရောဂါ ကာကွယ်တားဆီးရေးအတွက် ကုလသမဂ္ဂကမှ အမေရိကန်ဒေါ်လာ (၂) ဒသမ (၂) သန်း ကျော် အသုံးပြုပေးသွားမည်ဖြစ်ကြောင်းကြေငြာလိုက်သည်။ [VOA]

# ၂.၃. လူမှု-စီးပွါးရေးအထွေထွေ

## ၂.၃.၁. အထွေထွေစားဝတ်နေရေး

(၁) ရခိုင်ပြည်အတွင်းရှိ စစ်ဘေးရှောင်များအတွက် သီတဂူဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ဉာဏိဿရ ဦးဆောင်သောအဖွဲ့မှ ဆန် (၁၀၀၀) အိတ်၊ ပဲ (၁၀၀) အိတ် နှင့်ဆီ (၉၀၀) ပုံးတို့အား (၀၃.၀၄.၂၀) ရက်နေ့၊ နံနက်တွင် ရခိုင်ပြည်နယ် အစိုးရ အဖွဲ့ရုံးသို့ ကြွရောက် လှူဒါန်းခဲ့ကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ သတင်းထုတ်ပြန်သည်။ [The Ladies News]

(၂) အရေးကြီးကာလဖြစ်သည့် သင်္ကြန်ရုံးပိတ်ရက်အတွင်း ပုံမှန်ဝင်ငွေမရှိသောအခြေခံ လူတန်းစားများအတွက် အိမ်ထောင်စု (၁) စု လျှင်ဆန် (၈) ပြည်၊ ဆီ (၅၀) ကျပ်သား၊ ဆား (၅၀) ကျပ်သား၊ ပဲ(၁) ပိဿာ၊ ကြက်သွန် (၁) ပိဿာ၊ စုစုပေါင်း ထောက်ပံ့ကူညီမှု (၅) မျိုးစီအား ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ (၁၀) ရက်နေ့မှ အခမဲ့ ထောက်ပံ့ပေးမည် ဖြစ် ကြောင်း၊ ပြည်သူများ၊ ဘာသာရေး အဖွဲ့အစည်းများနှင့် ပြည်တွင်းလူမှုရေး အဖွဲ့အစည်းများ (သံရုံးများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမပါ) အတွက်အိမ်သုံး အမျိုးအစား လျှပ်စစ်ဓါတ်အား သုံးစွဲမှု (၁၅၀) ယူနစ်အထိ (အခမဲ့) ဧပြီလကုန်အထိ ပေးသွား မည်ဖြစ်ကြောင်း (၀၆.၀၄.၂၀) ရက်နေ့တွင်ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသား အဆင့် ဗဟိုကော်မတီမှ သတင်းထုတ်ပြန်သည်။ [DMG][The Ladies News]

(၃) (၂၂.၀၃.၂၀) ရက်နေ့တွင် ကျောက်တော်မြို့နယ် တင်းမကျေးရွာရှိ အစိုးရ တပ်မတော် လုံခြုံရေးအဖွဲ့မှ မီးရှို့ဖျက်ဆီးခဲ့သည့် အိမ်ခြေ (၅၂၈) လုံးအား ပြန်ဆောက်နိုင်ရန် ဝါးအိမ်ကို (၁) သိန်း၊ သွပ်မိုးပျဉ်ကာအိမ်ကို (၂) သိန်းနှင့် တိုက်အိမ်ကို (၂၅၀၀၀၀) စသည့်ဌာနရဲ့သတ်မှတ်ချက်အတိုင်းသိန်း (၉၂၅) ကျပ်

အား (၂၂.၀၄.၂၀) ရက်နေ့တွင် ပြည်နယ်အစိုးရမှ ပေးအပ်ခဲ့ကြောင်း ရခိုင်ပြည်သေားအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဇော်ဌေးက ပြောသည်။ [RFA][DMG]

## ၂.၃.၂. ပို့ဆောင်ဆက်သွယ်ရေး

(၁) ရသေ့တောင်၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များတွင် လျှပ်စစ်မီး ပြတ်တောက်သည်မှာ (၅) ရက်ရှိပြီဖြစ်သောကြောင့် ဒေသခံများမှာ အခက်အခဲများဖြစ်နေပြီး လျှပ်စစ်မီးပြင်လျှင် မိုးချုပ်သည့်အထိ ပြင်ရသည်လည်းရှိသည့်အတွက် ညမထွက်ရအမိန့် ၁၄၄ ထုတ်ပြန်ထားခြင်း၊ တိုက်ပွဲဖြစ်နေခြင်းတို့ကြောင့် ပြုပြင်ရန် သွား၍မရကြောင်း ပုဏ္ဏားကျွန်း မဟာဓာတ်အားလိုင်း စခန်းတာဝန်ခံ ဦးသိန်းရွှေမှ ပြောသည်။
(၁၂.၀၄.၂၀) ရက်နေ့က တိုက်ပွဲဖြစ်ပွားမှုကြောင့် အမြောက်နှင့် ကျည်ဆံတစ်ခုခု ထိသွားခြင်း ဖြစ်နိုင်ပြီး ပုဏ္ဏားကျွန်းမြို့ ဓာတ်အားပေး စက်ရုံနှင့် ခြောက်မိုင်ခန့် ဝေးသည့်နေရာ ဖက်ကျရွာအနီးတွင် လျှပ်စစ်ဓာတ်အားလိုင်းကြိုး ပြတ်တောက်သွားခြင်း ဖြစ်နိုင်ကြောင်း သက်ဆိုင်ရာ လျှပ်စစ်ဌာနများနှင့် လွှတ်တော် ကိုယ်စားလှယ်များမှ ခန့်မှန်းပြောဆိုကြသည်။ [DMG] [The Ladies news]

(၂) ရခိုင်မြောက်ပိုင်းရှိ ရသေ့တောင်၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ် တို့တွင် လျှပ်စစ်မီး ပြတ်တောက်နေပြီး လျှပ်စစ်ဌာနမှ ပြင်ပေးမည် ပြောသော်လည်း ယခုအချိန်ထိမရရှိကြောင်း ရသေ့တောင်မြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ်မှ ပြောသည်။ [VOA]

## ၂.၃.၃. စီးပွါးရေး

(၁) Covid 19 ကပ်ရောဂါကြောင့် (၂၆.၀၃.၂၀) ရက်နေ့မှစ၍ မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းနှင့် ကုန်သွယ်မှုအား ဘင်္ဂလားဒေ့ရှ်ဘက်မှ ယာယီရပ်တန့်လိုက်သည့် အတွက် ရခိုင်ပြည်၊ မောင်တော နယ်စပ်ကုန်သွယ်ရေး စခန်းတွင် ကုန်တင်ကုန်ချ လုပ်ကိုင်နေသောအလုပ်သမား (၂၀၀) ခန့် အလုပ်အကိုင်မရှိ ဖြစ်နေသည်။ [DMG]

(၂) အစိုးရတပ်မတော်နှင့် ULA/AA တို့တိုက်ပွဲများကြောင့် အဝေးပြေးကားလမ်း မကြာခဏ ပိတ်သဖြင့် စစ်တွေမြို့၌ (၂၀.၀၄.၂၀) ရက်နေ့မှစ၍ စားသောက်ကုန် ပစ္စည်းများ ပြတ်လပ်မှုဖြစ်ပေါ်နေကြောင်း၊ ကုန်ပစ္စည်းများကို ရန်ကုန်၊ မန္တလေးမှ မှာယူရောင်းချနေခြင်းဖြစ်ရာ ကားလမ်းပိတ်ဆို့မှုများ မဖြစ်ပေါ်စေရန် လိုကြောင်း ကုန်စုံဆိုင်ပိုင်ရှင်များမှ ပြောသည်။
ထို့အပြင် စစ်တွေမြို့ပေါ် ရှိစက်သုံးဆီဆိုင်များတွင်လည်း အောက်တိန်းနှင့် ဓါတ်ဆီများ ပြတ်လပ်မှု ဖြစ်ပွါးလျက်ရှိရာ စက်သုံးဆီဈေးနှုန်းလည်း မြင့်တက်မှုများ ရှိနေကြောင်း သိရသည်။ [DMG]

## ၂.၃.၄. အထွေထွေကျန်းမာရေး

(၁) COVID-19 ရောဂါဖြစ်ပွါးနေချိန်တွင် ဘင်္ဂလားဒေ့ရှ်ဘက်မှ ပြန်ဝင်ရောက်လာသည့် နေရပ်စွန့်ခွာသူများအား လက်ခံနေသည်ကို မောင်တောဒေသခံများမှ စိုးရိမ်နေသောကြောင့် လက်ခံရေးစခန်းများ ယာယီပိတ်ထားပေးရန် တောင်းဆိုနေကြသည်။ [DMG]

(၂) တခြားတိုင်းနှင့် ပြည်နယ်မှစစ်တွေမြို့သို့ ဝင်ရောက်လာသူများအား (၂၅.၀၄.၂၀) ရက်နေ့မှစ၍ စစ်တွေမြို့တွင် (၂၁) ရက်ကြာ Quarantine ဝင်ရန် ပြည်နယ်အစိုးရမှ ညွှန်ကြားထားကြောင်း ရခိုင်လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (AHCT) အတွင်းရေးမှူး ကိုကျော်ဆန်းလှိုင်မှပြောသည်။
ဝင်ရောက်လာသူများမှ လမ်းညွှန်ချက်အား မလိုက်နာပါက သဘာဝ ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေဖြင့် အရေးယူသွားမည်ဖြစ်ကြောင်း AHCT မှသိရသည်။ [DMG]

# ၃. သုံးသပ်ချက်

၁။ မြန်မာ့တပ်မတော်နှင့် ရက္ခိုင့်တပ်တော်တို့၏ နစ်ဖက်တိုက်ပွဲအကြားတွင် တိုက်ပွဲနှင့် မသက်ဆိုင်သည့် အရပ်သားများထိခိုက်သေဆုံမှုများ ယခင် မတ်လတွင် (၃၀) ဦး ရှိခဲ့ရာမှ ဧပြီလတွင် (၄၅) ဦး ထိမြင့်မားလာခဲ့သည်။

၂။ ၂၀၂၀ ခုနှစ်၊ ဧပြီလအတွင်း လူ့အခွင့်အရေး ချိုးဖောက်မှု အရေအတွက် စုစုပေါင်း (၅၈) မှုဖြစ်ပွါးခဲ့ရာ သေဆုံးသူ (၄၅) ဦး၊ ဒဏ်ရာရှိသူ (၈၂) ဦး၊ ဖမ်းဆီးချုပ်နှောင်ခံခဲ့ရသူ (၇၄) ဦး ရှိခဲ့ပြီး လူနေအိမ်ပေါင်း (၄၀) မီးလောင်ပျက်စီးမှု ရှိခဲ့သည်။

၃။ တချို့သော ဖြစ်စဥ်များတွင် နစ်ဖက်တိုက်ပွဲမရှိသော်လည်း မြန်မာ့တပ်မတော်မှ ကျေးရွာများသို့ လက်နက်ကြီး လက်နက်ငယ်များ ပစ်ခတ်နေသောကြောင့် ကျေးရွာသားများ သေဆုံး၊ ဒဏ်ရာရရှိမှု၊ လူနေအိမ်များ ပျက်စီးမှုနှင့် နေရပ်စွန့်ခွါမှုများ ရှိနေသည်။

၄။ ရက္ခိုင့်တပ်တော်မှ မြို့တွင်း၊ ကျေးရွာအနီးအနားတွင် မိုင်းခွဲ၊ တိုက်ခိုက်မှု အကြောင်းပြချက်များဖြင့် အရပ်သားပြည်သူများကို လူမဆန်စွာ ညှင်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်း၊ ကျေးရွာများပေါ်သို့ လေကြောင်းမှ ပုံးကြဲတိုက်ခိုက်ခြင်းနှင့် ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်းတို့ကို လက်ရဲဇက်ရဲ လုပ်လာသည်များကိုလည်း တွေ့ရှိရသည်။

၅။ အကျိုးဆက်အနေဖြင့် နေရပ်စွန့်ခွါသူနှင့် ပြည်တွင်းစစ်ဘေးရှောင်ဒုက္ခသည် (IDP) ဦးရေတိုး မြင့်လာသည်။

၆။ မြန်မာ့တပ်မတော်နှင့် ရက္ခိုင့်တပ်တော်တို့အကြား အပြန်အလှန် စွပ်စွဲပြောဆိုမှုများသာ ရှိနေပြီး ငြိမ်းချမ်းစွာအဖြေရှာသော နည်းလမ်းသို့ဦးတည်သည့် ထုတ်ပြန်ပြောဆိုမှုများကို မတွေ့ရှိ ရပေ။

၇။ မြန်မာ့တပ်မတော်မှ ဖမ်းဆီးသွားသော ကျေးရွာသားများအား မိသားစုဝင်များနှင့် တွေ့ဆုံခွင့်မပြုဘဲ အစအန ပျောက်ဆုံးမှုများ ပိုမိုကျယ်ကျယ်ပြန့်ပြန့် တွေ့လာနေရသည်။

၈။ ရခိုင်ပြည်တွင်းရှိ မြန်မာ့တပ်မတော် စစ်ဆေးရေးဂိတ်များမှ အရေးပေါ်လူနာ တင်ယာဥ်များအား လွတ်လွတ်လပ်လပ် သွားလာခွင့်မပြုသည့်အတွက် လူနာများ သေဆုံးသွားရသည့် အဖြစ် အပျက်မျိုးလည်း ပိုမိုတွေ့ရှိလာရသည်။

၁၀။ အရပ်သားပြည်သူများ ထိခိုက်သေဆုံးနေမှုအပေါ် တရားမျှတမှု ဖော်ဆောင်ရေးအတွက် မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်အပါဝင် အစိုးရနှင့် မြန်မာ့တပ်မတော်တို့မှ တာဝန်ယူမှု၊ တာဝန်ခံမှုများ ကင်းမဲ့နေသည်။

၁၁။ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများနှင့် ပတ်သက်၍ ကျူးလွန်သူများအပေါ် ပြစ်ဒဏ်ပေး အရေးယူခံရမှုများ ကင်းလွတ်နေသည်။

၁၂။ နေအိမ်များ မီးလောင်ခံရမှုအပေါ် အစိုးရမှ ထောက်ပံ့ငွေတချို့ ပေးသော်လည်း ကျေးရွာသားများမှာ အစိုးရမှ မူလသတ်မှတ်ထားသည့် ထောက်ပံ့ငွေ ပမာဏအား ပြည့်စုံအောင် ရရှိခြင်းမရှိပေ။

၁၃။ COVID-19 ကပ်ရောဂါကြောင့် သကြ်န်ရုံးပိတ်ရက် အတွင်းပုံမှန်ဝင်ငွေမရှိသော အခြေခံ လူတန်းစားများအတွက် အစိုးရမှ ထောက်ပံ့မှုအမျိုးစား (၅) မျိုးပေးရာတွင် စစ်ဘေးရှောင် စခန်းတွင် နေထိုင်နေကြသည့် ပြည်သူများကိုလည်း ထည့်သွင်းပေးဖို့ရန်အတွက် ရခိုင် အရပ်ဘက်အဖွဲ့အစည်း ခေါင်းဆောင်များမှ တောင်းဆိုခဲ့သည့်အပေါ် အစိုးရမှထည့်သွင်း စဉ်းစားထားခြင်းကို မတွေ့ရှိရပေ။


၁၄။ COVID-19 ရောဂါဖြစ်ပွါးနေချိန်တွင် ဘင်္ဂလားဒေ့ရှ်ဘက်မှ ပြန်လည်ဝင်ရောက်လာသည့် ဘင်္ဂလီများအား အစိုးရမှ လက်ခံနေသည်ကို မောင်တောမြို့နယ် ဒေသခံများမှ စိုးရိမ် နေကြပြီး ဆိုင်းငံ့ထားရန် တောင်းဆိုရသည့်အဆင့်ထိတိုင် အစိုးရ၏ ဒေသခံရခိုင်လူထု အပေါ် ကျန်းမာရေးစောင့်ရှောက်မှုတွင် အကဲဆပ်မှုနှင့် အလေးဂရုထားမှုတို့ လျော့ပါး နေပြီး၊ ဒေသခံများ၏ လုံခြုံစိတ်ချရမှုထက် ဘင်္ဂလီများအရေးကြောင့် နိုင်ငံတကာဖိအားကို တုန့်ပြန်ရန် ပိုမိုဦးစားပေးနေကြောင်း သိသာထင်ရှားစွာ တွေ့မြင်နေရသည်။


၁၅။ ရခိုင်ပြည်ပြင်ပ၌ ဖမ်းဆီးရမိသော မည်သည့်ဘင်္ဂလီများကိုမဆို ရခိုင်ပြည်သို့သာလျှင် မဖြစ်မနေ ပြန်လည်ပို့ဆောင်နေခြင်းသည် ရခိုင်နှင့် မူဆလင်များအကြား လူမှုပဋိပက္ခ ပြဿနာ ချုပ်ငြိမ်းစေရေးထက် ပိုမိုတိုးပွါးစေရေးကိုသာ အစိုးရအနေဖြင့် မီးမွှေးပေး သကဲ့သို့ ဖြစ်နေပြီး ရေတိုအမြင်ဖြင့် မီးစင်ကြည့်ကနေသည့် လုပ်နည်းလုပ်ဟန်နှင့် မူဝါဒတို့ ကျင့်သုံးနေကြောင်း တွေ့မြင်နေရသည်။


၁၆။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို အကြံပြုတင်ပြနိုင်ရန်အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ လုံ/နယ် ဝန်ကြီးဟောင်းဖြစ်သူ ဗိုလ်မှူးကြီး ထိန်လင်း (ငြိမ်း) အား (၂၀-၅-၂၀၂၀) ရက်နေ့မှစတင်၍ နိုင်ငံတော်သမ္မတရုံး၏ **အကြံပေးပုဂ္ဂိုလ်**အဖြစ် ခန့်အပ်တာဝန်ပေးအပ်ကြောင်း (၃၁-၃-၂၀၂၀) ရက်စွဲဖြင့် သမ္မတ ဦးဝင်းမြင့် လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သည်။ အဆိုပါ အမိန့် ထုတ်ပြန်ပြီးနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ပိုင် မော်တော်ယာဉ် ပစ်ခတ်တိုက်ခိုက် ခံရမှုဖြစ်စဉ်အတွက် စုံ/ကော် ဖွဲ့စည်းကြောင်း (၂၈-၄-၂၀၂၀) ရက်နေ့တွင် သမ္မတ ဦးဝင်းမြင့် လက်မှတ်ဖြင့် နောက်ထပ် အမိန့်ကြေညာချက်တစောင် ထုတ်ပြန်လာခဲ့သည်။ အဆိုပါ စုံ/ကော်အဖွဲ့တွင် ဗိုလ်မှူးကြီး ထိန်လင်း (ငြိမ်း) အား အဓိကအရေးပါသော အတွင်းရေးမှူးတာဝန်ကို **သမ္မတရုံးတွဲဘက်တာဝန်**အဖြစ် ခန့်အပ်တာဝန် ပေးထားသည်

ကို တွေ့ရှိရသည်။ WHO ယာဉ်မောင်း သေဆုံးခဲ့ရသည့် အငြင်းပွါးဖွယ် မှုခင်းဖြစ်စဉ်တွင် ပါဝင်ပတ်သက်နေသည့် မြန်မာ့တပ်မတော် လက်နက်ကိုင် အဖွဲ့ အစည်းတွင် အဆင်မြင့် ရာထူး တာဝန်ထမ်းဆောင်ခဲ့ပြီး တပ်မတော်၏ အရံအင်အားစာရင်းထဲ၌ ပါဝင်နေဆဲဖြစ်သူ ဗိုလ်မှူးကြီး ထိန်လင်း (ငြိမ်း) ကို စုံ/ကော် ၏ အတွင်းရေးမှူး တာဝန်အား ပေးအပ်ထားခြင်းမှာ အရပ်သားအစိုးရဟု ကြွေးကြော်ထားသော NLD အစိုးရအနေဖြင့် အုပ်ချုပ်ရေးယန္တရားတွင် ပြည်သူ့အခွန်ဘဏ္ဍာစား နိုင်ငံ့ဝန်ထမ်းများထဲ၌ တပ်မတော်သားဝန်ထမ်းထက် အရည်အချင်းပြည့်မီသူ မရှိကြောင်း ပြသရာရောက်နေသည့်အပြင် အစိုးရ အုပ်ချုပ်ရေးယန္တရားအတွင်း တပ်မတော်လွှမ်းမိုးမှု လွန်စွာကြီးမားနေသည့် ပြယုဒ်တစ်ခုလည်းဖြစ်သည်။ ဤ WHO ကဲ့သို့သော ဝန်ထမ်းတစ်ဦး သေဆုံးခဲ့ရမှုဖြစ်စဉ်ကို စုံစမ်းစစ်ဆေးမည့် အရပ်သားအစိုးရ အကြီးအကဲဖြစ်သူ သမ္မတ၏ "စုံ/ကော်" တွင် "**လွတ်လပ်ပြီး ဘက်လိုက်မှုကင်းမဲ့ခြင်း**" ဆိုသည့် နှုန်းစံမှာ လုံ/နယ်ဝန်ကြီးဟောင်း ဗိုလ်မှူးကြီး (ငြိမ်း) တဦးကို အဓိကတာဝန်တွင် ပါဝင်ထမ်းဆောင်စေရန် ခန့်အပ်ခြင်းဖြင့် ယုတ်လျော့သွားခဲ့ရကြောင်း စုံ/ကော်ဖွဲ့စည်းမိန့်ထွက်လာပြီး နောက်နေ့ (၂၉-၄-၂၀၂၀) ရက်နေ့တွင် မှုခင်းဖြစ်စဉ်၌ ပါဝင်ပတ်သက်နေသူ ဆန့်ကျင်ဘက်လက်နက်ကိုင် အဖွဲ့အစည်းဖြစ်သည့် ULA/AA ၏ ဆန့်ကျင်ကန့်ကွက်မှုဖြင့် သက်သေပြခဲ့သည်။ ထို့ကြောင့် တပ်မတော်မှ ဗိုလ်မှူးကြီး (ငြိမ်း) တစ်ဦးက အတွင်းရေးမှူးအဖြစ်ဆောင်ရွက်မည့် အရပ်သားအစိုးရ သမ္မတ၏ စုံ/ကော် ရလဒ်ကို အများပြည်သူနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတို့အနေဖြင့် ယုံကြည်လက်ခံနိုင်ဖွယ်ရာရှိမည် မဟုတ်ဘဲ "**မဲပြာပုဆိုး ဝတ်မြဲတိုင်း ဝတ်ထားသည့် အစိုးရ၏ လုပ်ရပ်**" အဖြစ် သမိုင်းမှတ်တမ်းဝင်သွားလိမ့်မည်ဟု ယုံကြည်ရဖွယ်ရှိသည်။


# ၄. Infographics








ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး (AASYC) သုတေသနနှင့် မှတ်တမ်းဌာန မှ ထုတ်ဝေသည်။


၂၀၂၀ ခုနှစ်၊ ဧပြီလအတွင်း လက်နက်ကိုင်ပဋိပက္ခကြောင့် ရခိုင်ပြည်၌
အရပ်သားများ ဒဏ်ရာရရှိမှု အမျိုးအစားနှင့် ဦးရေ
၇၀
၆၀
၅၀
၄၀
၃၀
၂၀
၁၀
၀
၅၉
၁၈
၅
လက်နက်ကြီးထိမှန် ဒဏ်ရာရ
သေနတ်ပစ်ခတ်ခံရ ဒဏ်ရာရ
မိုင်းထိ ဒဏ်ရာရ
AASYC



၂၀၂၀ ခုနှစ်၊ ဧပြီလအတွင်း လက်နက်ကိုင်ပဋိပက္ခကြောင့် ရခိုင်ပြည်၌ မြို့နယ်အလိုက်
အရပ်သားများ ဒဏ်ရာရရှိမှု အမျိုးအစားနှင့် ဦးရေ
၁၈
၁၆
၁၄
၁၂
၁၀
၈
၆
၄
၂
၀
၁၃
၂
၁၆
၅
၁၄
၁
၁
၁
၉
၁
၂
၃
၉
၃
၂
ပလက်ဝ
ကျောက်တော်
ပုဏ္ဏားကျွန်း
မြေပုံ
အမ်း
ဘူးသီးတောင်
ရသေ့တောင်
မင်းပြား
မြောက်ဦး
လက်နက်ကြီးထိမှန် ဒဏ်ရာရ
သေနတ်ပစ်ခတ်ခံရ ဒဏ်ရာရ
မိုင်းထိ ဒဏ်ရာရ
AASYC

## ၂၀၂၀ ခုနှစ်၊ ဧပြီလအတွင်း လက်နက်ကိုင်ပဋိပက္ခကြောင့် ရခိုင်ပြည်၌ အရပ်သားများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုနှင့် ဖမ်းဆီးခံရမှု








[ပုံ - သေဆုံး၊ ဒဏ်ရာရနှင့် ဖမ်းဆီးခံ ဦးရေ ပြဇယား]




[ပုံ - သေဆုံးမှု အမျိုးအစားအလိုက် ဦးရေပြဇယား]

လက်နက်ကြီးထိမှန်ခြင်း - ၂၈
သေနတ်ကျည်ဆံ ထိမှန်ခြင်း - ၁၃
မြေမြှုပ်မိုင်းနင်းမိခြင်း - ၃
စစ်ကြောရေးတွင် ညှင်းပမ်းနှိပ်စက်ခြင်း - ၁




[ပုံ - ဒဏ်ရာရရှိမှု အမျိုးအစားအလိုက် ဦးရေပြဇယား]

လက်နက်ကြီးထိမှန် ဒဏ်ရာရ - ၅၉
သေနတ်ပစ်ခတ်ခံရ ဒဏ်ရာရ - ၁၈
မိုင်းထိ ဒဏ်ရာရ - ၅

ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့်လူငယ်များ အစည်းအရုံး
(AASYC)

aasyc.arakan aasyc_ghq aasyc.ghq@gmail.com

www.aasyc.info

သုတေသနနှင့် မှတ်တမ်းဌာန

ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး (AASYC)

Email: aasyc.ghq@gmail.com

www.aasyc.info

ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး (AASYC) သုတေသနနှင့် မှတ်တမ်းဌာန မှ ထုတ်ဝေသည်။